www.burmeseclassic.com

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# ဂျူဒဋ

မိန်းမရာရွာ

www.burmeseclassic.com

www.burmeseclassic.com



ဒီဇင်ဘာလ၊ ၂၉ရက်နေ့

www.burmeseclassic.com

www.burmeseclassic.com



(၁)

အိမ်အတွင်းမှ ကလေးငိုသံကြောင့် အိမ်အပြင်တွင် စိတ်လှုပ်ရှားစွာစောင့်နေကြသော ယောကျ်ားအချို့မှာ လှုပ်လှုပ်ရှားဖြစ်သွားကြသည်။

"မွေးပြီထင်တယ်"

တစ်ဦးတစ်ယောက်က ဂဏှာမငြိမ်စွာဖြင့် ထပြောသည်။

အားလုံးက အိမ်အတွင်းသို့သာ ကြည့်နေကြ၏။

"ဘာလေးမွေးလဲ မသိဘူး"

ထိုသို့ တစ်ယောက်တစ်ပေါက် ပြောနေကြစဉ် အိမ်အတွင်းမှ အဒေါ်ကြီးတစ်ယောက်ပြေးထွက်လာ၏။

အဒေါ်ကြီးမျက်နှာမှာစိုးရိမ်သည့် အမူအရာများကြောင့် အားလုံးမှာ ထိတ်လန့်သွားပြီး-

www.burmeseclassic.com

www.burmeseclassic.com



''ဘာ…ဘာလေးမွေးလဲဟင်''

ဟု မေးလိုက်လေသည်။

အဒေါ်ကြီးကလည်း အားလုံးကို တစ်ချက်ကြည့်ကာ-

''ယောကျ်ားလေး''

ဟု တိုးတိုးလေးရေရွတ်သည်။

''ဟင်''

အားလုံး၏ မျက်နှာများတွင် စိတ်ပျက်သည့် အရိပ်ယောင်များဖြစ်သွားကြသည်။

''နောက်ထပ် ကလေးမွေးမယ့်လူ မရှိတော့ဘူးနော်''

''ဟုတ်တယ်၊ မခင်မြင့်မွေးပြီးရင် မွေးမယ့်လူမရှိတော့ဘူး''

''ဟိုနေ့က မဝင်းဆွေလည်း ယောကျ်ားလေးပဲမွေးတာနော်''

''အင်း…ဟုတ်တယ်''

''ဒီနေ့မှ မိန်းကလေးမမွေးဘူးဆိုရင်၊ နတ်ဆရာစကားအဆိုအရ ရွာကို မိန်းကလေးတစ်ယောက်ယောက်များ ရောက်မလားမသိဘူး''

''မင်းပြောတာဖြစ်နိုင်တယ်''

''ကဲ…ဖျော်ရည်ဆိုင်ကို မြန်မြန်သွားရအောင်၊ ငါတို့ သတင်းကို မျှော်နေလောက်ပြီ''

ထိုသူနှစ်ဦးမှာ တစ်ယောက်တစ်ပေါက် ပြောဆိုကြပြီးနောက် ရွာ၏ဖျော်ရည်ရောင်းသောဆိုင်သို့ အလုင်အမြန်ထွက်သွားကြလေသည်။

()



(၂)

ဖျော်ရည်ရောင်းသော ဆိုင်တွင်လည်း လူအများက တီးတိုး တီးတိုးပြောနေကြ၏။

ပြောသည့်အကြောင်းအရာမှာလည်း ရွာတွင် ယခုတလောဖြစ်ပေါ်နေသည့် သတင်းအကြောင်းပင်ဖြစ်သည်။

ထိုစဉ် ဆိုင်အတွင်းသို့ ရွာသားနှစ်ယောက်ဝင်လာသောကြောင့် ဆိုင်ထဲရှိလူများမှာ ရုတ်ရုတ်သဲသဲဖြစ်သွားကြပြီး…

''ဘာ…ဘာလေးမွေးလဲ''

ဟု ဝိုင်းမေးကြလေသည်။

ဝင်လာသော နှစ်ဦးမှာလည်း ခုံတစ်ခုံတွင် အေးအေးဆေးဆေးဝင်ထိုင်လိုက်ပြီး-

www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားလေးပဲပေါ့ဗျာ"

ဟု စိတ်ပျက်လက်ပျက်ပြန်ဖြေသည်။

အားလုံးမှာ သက်ပြင်းချသူကချ၊ ဖျော်ရည်ထပ်မှာသူကမှာနှင့် ရှုပ်ရှက်ခတ်သွားသည်။

ထိုအချိန်တွင် ရွာ၏သူကြီးဦးသန်းမှာ ဆိုင်အတွင်းသို့ ခပ်သုတ်သုတ်ဝင်လာပြီး…

"ဟော့…မွေးပြီလား၊ ဘာလေးလဲ"

ဟု အားလုံးကို မေးလိုက်ပြန်သည်။

အားလုံးက သူကြီးကိုကြည့်လိုက်ကြပြီး သူဖြေလိုက်၊ ငါဖြေလိုက်နှင့် ဖြစ်နေကြသည်။

သူကြီးကလည်း ရိပ်မိလိုက်ပြီး-

"ယောက်ျားလေးပဲ မွေးတာမှတ်လား"

"အင်း…ဟုတ်တယ်၊ သူကြီး"

သူကြီးလည်း ခုံတစ်ခုံတွင် စိတ်ပျက်လက်ပျက်နှင့်ဝင်ထိုင်လိုက်ကာ-

"ဖျော်ရည်တစ်ခွက်"

ဟု လှမ်းမှာလိုက်သည်။

ထိုစဉ် ရွာသားနှစ်ယောက်ရောက်လာပြီး-

"မခင်မြင့် ဘာလေးမွေးလဲ"

ဟု မေးပြန်သည်။

"ယောက်ျားလေးပဲ"



အနီးဆုံးရှိနေသည့် သူကြီးက လှမ်းဖြေလိုက်သည်။

သူတို့လည်း ဆိုင်အတွင်းမှ စိတ်ညစ်ညစ်နှင့် ထွက်သွားကြပြန်သည်။

ဤသို့ဖြင့် ရွာ၏တစ်ခုတည်းသော ဆိုင်လေးသို့ ရွာသားများရောက်လာလိုက် 'ယောက်ျားလေး'ဟု ဆိုလိုက်၍ စိတ်ပျက်ပြီး ထွက်သွားလိုက်နှင့် ဖြစ်နေကြသည်။

( )

www.burmeseclassic.com

www.burmeseclassic.com



(၃)

အားလုံးက မှိုင်တွေတွေနဲ့ ထိုင်နေကြစဉ် ရုတ်တရက်ဆိုသလိုပင် လူငယ်ရွာသားတစ်ယောက်က မတ်တပ်ထရပ်၏။

ထို့နောက် ဆိုင်ရှင် ကိုဖဲအားကြည့်ပြီး-

“ကိုဖဲ”

“ဟေ၊ ဘာလဲ ပိုမြိုင်”

“မြေဖြူနဲ့ ဘုတ်ပြားကြီးကြီးရှိလား”

“ဘာလုပ်မလို့လဲ”

“အားလုံးမဖြေရအောင်လုပ်မလို့”

“ဘာကို”

ကိုဖဲမှာ ပိုမြိုင့်စကားကို နားမလည်ဘဲ ဖြစ်နေသည်။

“ငါ့အိမ်မှာတော့ ရှိတယ်၊ ယူချင်ရင်သွားယူလိုက်”

သူကြီးက ကိုဖဲအစား ဝင်ဖြေပေး၏။



“ဟုတ်ကဲ့ သူကြီး”

ပိုမြိုင်လည်း ဆိုင်ထဲမှထွက်ကာ သူကြီးအိမ်သို့ ပြေးသွားပြန်သည်။

ခဏကြာသောအခါတွင် ပိုမြိုင်မှာ ဘုတ်ပြားကြီးယူပြီး ပြန်ရောက်လာပြန်၏။ ဘုတ်ပြားကြီးကို ဆိုင်ရှေ့တွင် ချလိုက်၏။

“ဘာလုပ်ဖို့လဲ ပိုမြိုင်”

လူပျိုကြီး ကိုကိုဆွိက မျက်မှောင်ကြုတ်ပြီး ဝင်စပ်စု၏။

အားလုံးကလည်း စိုင်းကြည့်နေကြ၏။

ပိုမြိုင်က ဘုတ်ပြားပေါ်တွင် စာသားအချို့ချရေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ မခင်မြင့်
ယောကျ်ားလေးပဲ မွေးသည်။

ပုံ
သူကြီး

www.burmeseclassic.com

www.burmeseclassic.com



အားလုံးမှာ ဘုတ်ပြားကိုကြည့်ကာ ရယ်မောလိုက်ကြပြီး-

"အေး…အဲ့ဒီလို လုပ်လိုက်တော့လည်း ပြီးတာပဲပေါ့ကွာ"

ပြောရင်းဆိုရင်း ရွာသားနှစ်ယောက်ရောက်လာကာ ဘုတ်ကို ကြည့်လိုက်ပြီးနောက်-

"ဟင်…ယောကျ်ားလေးပဲ"

ဟုဆိုကာ ထွက်သွားကြပြန်သည်။

အားလုံးမှာလည်း ရယ်ရတော့မလိုလို၊ စိတ်ညစ်ရတော့မလိုလိုနဲ့ ကျန်ခဲ့ကြသည်။

()

www.burmeseclassic.com

www.burmeseclassic.com



ညသို့ဖြင့် ဒီဇင်ဘာ ၂၉ ရက်နေ့တွင် ရွာရှိမွေးဖွားရန်
ကျန်ရှိနေသောကိုယ်ဝန်သည် မခင်မြင့်မှ
ယောကျ်ားလေးပဲမွေးသည့် သတင်းသည် တစ်ရွာလုံးသို့
ပျံ့နှံ့သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



(၄)

"သူကြီး"

"ဘာတုန်း"

သူကြီးက ဖျော်ရည်ကို တစ်ငုံသောက်လိုက်ပြီး သူ့ဘေးနားရှိ လူပျိုကြီးကိုကိုဆွိကို လှမ်းထူးလိုက်သည်။

"ဒီနေ့ ၂၉ ရက်နေ့မှာ မိန်းကလေးမမွေးဘူးဆိုတော့ နတ်ဆရာ နောက်ထပ်ပြောထားတဲ့အတိုင်း ရွာကိုမိန်းကလေး တစ်ယောက် ရောက်လာမှာပေါ့"

"ညနေ ၃ နာရီထိုးတဲ့အထိ စောင့်ကြည့်ရမယ်တဲ့"

ကိုဖဲကလည်း သူကြီးနား ဝင်ထိုင်လိုက်ပြီး-

"သူကြီး"

"ဟေ"

www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီရောက်လာတဲ့မိန်းကလေးက ကျွန်တော်တို့ရွာရဲ့ အခက်အခဲကို ပြေလည်စေမှာလား"

"အခြားရွာတွေမှာတော့ နတ်ဆရာစကားက မှန်ခဲ့တာပဲ၊ ငါတို့ရွာလည်း မှန်မှာပါ"

သူကြီး၏ စကားကို တစ်ဆိုင်လုံးက ခေါင်းတဆတ်ဆတ် ငြိမ့်ကာ ထောက်ခံလိုက်ကြသည်။


ဟုတ်တော့လည်းဟုတ်သည်။ နတ်ဆရာပြော သည့်စကား သည် အခြားရွာများတွင် မည်သည့်အခါမှ မှားခဲ့ရိုးထုံးစံမရှိချေ…။

ယခုလည်း နတ်ဆရာပြောစကားအရ ရွာကိုရောက်ရှိလာမည့် မိန်းကလေးအား 'ဖျော်ရည်ဆိုင်'တွင် စောင့်နေကြခြင်းဖြစ်သည်။

"ဘယ်နှစ်နာရီထိုးပြီလဲ"

"သိဘူးလေ"

ထိုသို့မေးနေစဉ်မှာပဲ ဖျော်ရည်ဆိုင်ရှိ ရွာ၏တစ်ခုတည်းသော ရေနာရီဖြစ်သည့် နာရီမှ မြည်သံထွက်လာသောကြောင့် အားလုံးလန့်ဖြန့် သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သုံးနာရီထိုးပြီ"

သူကြီးအပါအဝင်အားလုံးမှာ စိတ်လှုပ်ရှားသွားကြသည်။

ဆိုင်၏အပေါက်ဝကိုလည်း မကြာခဏဆိုသလို လှမ်းမျှော်ကြည့်နေကြရသည်။

ရွာထဲကို ဝင်မည်ဆိုပါက ဒီ 'ဖျော်ရည်ဆိုင်' သို့ မဖြစ်မနေဝင်ရမည်ဖြစ်သည်။

ထို့အတွက် အားလုံးမှာ ဖျော်ရည်ဆိုင်တွင် ထိုင်စောင့်နေကြခြင်းဖြစ်သည်။

ထိုစဉ်-

"သူကြီး...သူကြီး"

ရွာသားတစ်ယောက်အော်ဟစ်ပြီး ပြေးလာနေသည်ကို တွေ့ရသည်။

ပြေးလာသောသူမှာ ရွာ၏ လူပျိုတစ်ယောက်ဖြစ်သည့် ဖိုးစံပင်ဖြစ်သည်။

"ဖိုးစံ ဘာဖြစ်လာတာလဲ"

"သူကြီး...ရွာအဝင်မှာ...ကောင်...ကောင်မလေး"

"ဟင်"

ဖိုးစံမှာ အမောတကောပြေးလာရ၍ စကားများပင်ထစ်နေသည်။

"ကောင်မလေးတစ်ယောက် ငါတို့ရွာထဲကို ဝင်လာတာလား"

www.burmeseclassic.com

www.burmeseclassic.com



“မဟုတ်ဘူး”

“ဒါဆို ဘာဖြစ်တာလဲ”

“ရွာအဝင်မှာ ကောင်မလေးတစ်ယောက် လဲနေတာကို တွေ့လို့”

“ငါတို့ရွာကလား”

“မဟုတ်ဘူး”

အားလုံးမှာ စိတ်လှုပ်ရှားသွားကြသည်။

“နတ်ဆရာ ပြောတဲ့ကောင်မလေးများလား မသိဘူး”

“ဖြစ်နိုင်တယ်…သူကြီး”

“သွားကြည့်ရအောင်”

အားလုံးမှာ ဖျော်ရည်ဆိုင်ထဲမှ တသီတတန်းကြီး ထွက်သွားကြလေသည်။

ဆိုင်ရှင်ကိုဖဲလည်း သူ၏ဆိုင်ကို အလျှင်စလိုပိတ်လိုက်ကာ လူအုပ်ကြီးနောက်မှ ပြေးလိုက်သွားလေသည်။



(၅)

ရွာလမ်းတစ်လျှောက် လူအုပ်ကြီးအလျှင်စလိုပြေးသွားနေမှုကြောင့် နီးစပ်ရာရွာသူရွာသားများက–

“ဘာဖြစ်တာလဲ”

ဟု လှမ်းမေးကြသည်။

“နတ်ဆရာ စကားမှန်နေပြီဗျို့”

“ဟုတ်လား”

“ဟုတ်တယ်၊ အခုရွာထိပ်မှာ ကောင်မလေးတစ်ယောက် ရောက်နေပြီ”

“ဟာ…တကယ်”

ဟု ဆိုပြီး ထပ်ပါလာကြပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရွာထိပ်ရောက်သောအခါ လိုက်လာသော သူများမှာ တော်တော်ကြီးကို များနေပြီဖြစ်သည်။

အားလုံး၏ခြေလှမ်းများ ရပ်တန့်သွားကြသည်။

ရှေ့တွင် ကောင်မလေးတစ်ယောက် လဲကျနေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

"ဒဏ်ရာ ရထားတာထင်တယ်"

ကောင်မလေး၏မျက်နှာတွင် သွေးအနည်းငယ် စီးကျနေ၏။

"အသက်ရှိသေးရဲ့လား"

"ရှိသေးတယ်ထင်တယ်"

"ကောင်မလေးက ချောချောလေးပဲ"

"အေး...ဘာဖြစ်လာတာလဲမသိဘူး"

"ငါတို့အနီးအနားရွာကတော့ ဟုတ်မယ်မထင်ဘူး"

"အနားကရွာတွေမှာ ဒီလောက်ချော တဲ့ကောင်မလေး မရှိဘူး"

စသည်ဖြင့် တစ်ယောက်တစ်ပေါက် ဝင်ပြောနေကြသောကြောင့်-

"ကဲ...ကဲ၊ တော်ကြတော့၊ ကောင်မလေးကို ရွာထဲခေါ်သွားရအောင်"

"ဘယ်ကိုခေါ်သွားရမှာလဲ သူကြီး"

ကိုကိုဆွိဆိုသည့် လူပျိုကြီးက ဝင်မေးပြန်သည်။



ဤတွင် သူ၏ပြိုင်ဘက်ဖြစ်သော လူပျိုကြီးတစ်ဦးဖြစ်သည့် ကိုဒေါ်ကြီးက-

"မောင်ဆွိ"

"ဘာလဲ"

"မင်းသိပ်နံ့ပါလား"

"ဟ...မင်းက ဘလိုင်းကြီးပါလား၊ ဘာဖြစ်လို့လဲ"

"နတ်ဆရာဆောက်ခိုင်းထားတဲ့ အိမ်တစ်လုံးသီးသန့်ရှိတယ်လေ၊ အဲ့ဒီကို ခေါ်သွားရမှာပေါ့၊ ဟုတ်ဘူးလား၊ သူကြီး"

သူကြီးကိုလည်း လှမ်းမေးလိုက်သေး၏။

သူကြီးက ခေါင်းငြိမ့်ပြမှသာ ကိုကိုဆွိလည်း ငြိမ်သွားလေသည်။ ဤသို့ဖြင့် ရွာသားများသည် အလျှင်အမြန်လုပ်ထားသော ထမ်းစင်ဖြင့် လဲကျနေသော ကောင်မလေးကို သယ်ကာ ရွာရှိသီးသန့်ဆောက်ထားသော အိမ်တစ်အိမ်သို့ ခေါ်သွားကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုရွာလေးကို

မိန်းမရှာရွာဟု ခေါ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကရင်ပြည်နယ်

ဘားအံမြို့နှင့် အနည်းငယ်ဝေးသော

နေရာလေးတွင် တည်ရှိသည့် ရွာလေးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သည့်အတွက်ကြောင့်
"မိန်းမရှာရှာ"ဟု အမည်တွင်ရသနည်း?

www.burmeseclassic.com

www.burmeseclassic.com



(က)

သူတို့ရွာတွင် မွေးသော ကိုယ်ဝန်သည်တိုင်းသည် ယောကျ်ားလေးပဲ မွေးဖွားၾ၏။ တစ်ခါမှ မိန်းကလေးမမွေးဖူးချေ။

ထို့အတွက်ကြောင့် ရွာတွင် ယောကျ်ားလေးဦးရေများပြား လာကာ၊ မိန်းကလေးဦးရေမှာ မရှိသလောက်ရှားပါးလာ၏။

ထိုယောကျ်ားလေးများ အရွယ်ရောက်လာသောအခါတွင် အိမ်ထောင်မှုပြုရန်အတွက် အခြားရွာရှိ မိန်းမပျိုလေးများအား လူပျိုလှည့်ရ၏။

ချစ်ကြိုက်ပြီးနောက် ရွာ ပြန်လည်နေထိုင်ပြီး ကလေးမွေးသောအခါတွင်လည်း ထိုအမျိုးသမီးမှ ယောကျ်ားလေးပဲ မွေး၏။

ကြာလာသောအခါ အခြားရွာမှ ကာလသားများနှင့် လူကြီး

www.burmeseclassic.com

www.burmeseclassic.com



များသည် သူတို့ရွာက မိန်းမပျိုလေးများအား လာရောက်ပိုးပန်းနေခြင်းကို သဘော မကျချင်တော့ချေ။

ထို့ကြောင့် လာပိုးပန်းသော သူများကို ဖျက်လိုဖျက်ဆီးလုပ်ကြတော့၏။ ဤတွင် ရွာထဲတွင် လူပျိုကြီးနှင့် လူပျိုလေးများ များပြားလာလေ၏။

( )



(၁)

သက်တူရွယ်တူ ဆန့်ကျင်ဘက်လိင်များမရှိခြင်းကြောင့် ရွာရှိ ယောကျ်ားပျိုများသည် ပျင်းရိငြီးငွေ့လာကြ၏။

အလုပ်ကြိုးစားပမ်းစား လုပ်ကိုင်နေခြင်းသည် ဦးတည်ချက်မရှိ၊ နောင်မိသားစုအသစ်ကလေးအတွက် မျှော်လင့်ချက်မရှိ စသည်တို့ တွေးတောကာ အလုပ်လုပ်ခြင်းကို စိတ်ပျက်လာကြလေသည်။

ယောကျ်ားအချင်းချင်းတွေ့သောအခါတွင်လည်း မျှော်မှန်းချက်ဖြင့် ချစ်ကြိုက်ရမည့်ကောင်မလေးအကြောင်းများကို ပြောနေတတ်တော့သည်။

အခြားရွာက ကောင်မလေးများကလည်း သူတို့ရွာကို မလာတော့သလို၊ သူတို့ကလည်း အခြားရွာများကို အလုပ်ကိစ္စမှလွဲ၍ အခြားရည်ရွယ်ချက်ဖြင့် သွားလျှင်အဆင်မပြေတော့ချေ…။

www.burmeseclassic.com

www.burmeseclassic.com



ရွာရှိ အိမ်ထောင်ရှိပြီးသော သူများသာ အဆင်ပြေကြသည်။ နောက်ပိုင်းအရွယ်ရောက်လာသော လူပျိုများမှာ လူပျိုလှည့်ရာတွင် အဆင် မပြေကြတော့ချေ။

ဤသို့ဖြင့် ယောက်ျားပျိုများသည် အရက်သောက်လာကြသည်။

''ချစ်သူရှိရင် ကောင်းမှာပဲ''

''ဘာလဲ…စိတ်ကူးထဲက ချစ်သူလား''

''အာ…ဘယ်ကသာ၊ တကယ့်ချစ်သူကိုပြောတာပေါ့ကွ''

''မဖြစ်နိုင်ပါဘူးကွာ၊ ဒီလောက်ခက်ခဲနေတာ''

''ငါ ဟိုဘက်ရွာသွားတုန်းက ကောင်မလေးတစ်ယောက်ကို တွေ့ခဲ့တယ်''

''ချောလား''

သူတို့က ဒီသတင်းလေးတွေဆိုရင် သိပ်ကြိုက်သည်။

''အာ…ချောတာမှ စက်စက်ကိုယိုနေတာပဲ''

''ဘာတုန်းဟ၊ စက်စက်တောင်ယိုအောင်လှတယ်ဆိုတာ''

''မသိဘူး၊ အဲ့ဒီရွာက ကာလသားတစ်ယောက်ပြောတာကြားလို့ ပြန်ပြောပြတာ…အေ့…ထည့်စမ်းပါဦး၊ ပြောရင်းဆိုရင်း သွားမျက်နှာလေးမြင်လာပြီ''

ဤသို့ဖြင့် တစ်နေ့တစ်နေ့ ကုန်ဆုံးခဲ့ရလေသည်။

( )



(၈)

''သူကြီး''

''ဟေ''

သူကြီးတပည့် ဖိုးထောင်က သူကြီးနားကို ကပ်လာလေ၏။

''သူကြီး''

''အေး…ပြောဆို''

''ဒေါ်စိမ်းရဲ့သား သာအောင်က ၁၈ နှစ်ပြည့်လို့ လူပျိုဖြစ်နေပြီလို့ လာပြောသွားတယ်''

''အေး…ရွာရဲ့ လူပျိုကြီး၊ လူပျိုလေးစာရင်းထဲ ရေးမှတ်ထားလိုက်ကွာ''

ဖိုးထောင်လည်း အနီးရှိ စာအုပ်ထဲတွင် ရှိပြီးသော ဂဏန်းများအောက်တွင် ဂဏန်းတစ်ခုထပ်ရေးကာ 'သာအောင်'ဟု ရေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူကြီးက စာအုပ်ဖတ်နေရင်းမှ သတိတစ်ခုဝင်သွားပြီး-

"ဖိုးထောင်"

"ဗျာ…သူကြီး"

"ရွာထဲမှာ လူငယ်တော်တော်များများ အရက်သောက်လာကြတယ်ဆို"

"အကုန်နီးပါးလောက်ပါပဲ သူကြီး၊ ဒါပေမယ့် သူတို့က မရမ်းကားကြပါဘူး သူကြီး"

"နေပါဦး၊ မရမ်းကားတော့ သူတို့က အရက်သောက်ပြီး ဘာလုပ်ကြတုန်း"

"ဟို…"

ဖိုးထောင်မှာ တွန့်ဆုတ်တွန့်ဆုတ် ဖြစ်သွားသည်။

"ပြောပါကွ…ဘာလုပ်ကြလဲ"

"ဟို…မိန်းကလေးတွေအကြောင်း ပြောကြပါတယ်"

သူကြီးမှာ ဖိုးထောင်စကားကြောင့် တော်တော်လေး မိတ်မကောင်းဖြစ်သွားသည်။

သူတို့ရွာ၏ အားနည်းချက်ကိုက မိန်းကလေးရှားပါးခြင်းဖြစ်သောကြောင့် ရွာရှိလူငယ်များ အထီးကျန်ဆန်နေလောက်ပေမည်။

သက်ပြင်းတစ်ချက်ချလိုက်သည်။

ရွာရှိယောကျ်ားပျိုများအတွက် မည်သို့စီစဉ်ပေးရမလဲဆိုတာကို အကြိမ်ကြိမ်တိုင်းအကြိမ်ကြိမ်တိုင်း စဉ်းစားနေမိသည်။



"စာရင်းက ဘယ်နှစ်ယောက်တောင်ရှိသွားပြီလဲ"

"တော်တော်များပါတယ် သူကြီး"

"အေး…ဘယ်နှစ်ယောက်လဲလို့"

ဖိုးထောင်က သူကြီးရှေ့သို့ စာအုပ်လေးတိုးပေးလိုက်သည်။

သူကြီးက စာရွက်ရှိစာရင်းကိုကြည့်ပြီး အနည်းငယ်မျက်လုံးပြူးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



## လူပျိုကြီး၊ လူပျိုလေးစာရင်း

(၁) ကိုအောင်
(၂) ဝေယံ
(၃) မောင်နိုင်
(၄) ဖိုးသား
(၅) ပြည့်ဖြိုးနိုင်
(၆) သူရလင်း
(၇) ကိုလှ
(၈) မျိုးမျိုး
(၉) မောင်ကိုကို
(၁၀) ကိုတင်ရွှေ
(၁၁)ဝေလင်း
(၁၂) ငပိန်
(၁၃)ကိုမောင်
(၁၄) မျိုးကြီး
(၁၅)ခင်မောင်ဝင်း
(၁၆) သန့်စင်
(၁၇)မြတ်ကို
(၁၈) ကျော်ဦး
(၁၉)ကိုစော
(၂၀) နောင်နောင်
(၂၁)သိန်းသန်းထွန်း
(၂၂) ဝင်းလွင်
(၂၃)မျိုးလှိုင်
(၂၄) အောင်ဗလ
(၂၅)ကိုဖိုးတုတ်
(၂၆) မင်းမင်းအောင်
(၂၇)ကျော်ကျော်
(၂၈) ကိုကိုနိုင်
(၂၉)ကျော်ဆန်းဦး
(၃၀) ကျော်စွာ
(၃၁)အောင်လှကျော်
(၃၂) မျိုးဝင်း
(၃၃)ကိုကိုဆွဲ
(၃၄) တင်မောင်
(၃၅)သက်ဖြိုး
(၃၆) ဇော်လင်းထွန်း

www.burmeseclassic.com

www.burmeseclassic.com



(၃၇) အောင်ဇော် (၃၈) ဗိုလ်နီ
(၃၉) ဝက်ပု (၄၀) ကိုမျိုး
(၄၁) အောင်လှ (၄၂) မောင်ဖိုးကြွယ်
(၄၃) စောလွင် (၄၄) သက်ပိုင်
(၄၅) မျိုးမင်းမြတ် (၄၆) ဝေစိုး
(၄၇) တိုနာ (၄၈) ဝင်းမင်း
(၄၉) လွင်ကို (၅၀) အောင်လတ်
(၅၁) ကောင်းမိုး (၅၂) အောင်စီ
(၅၃) သူရအောင် (၅၄) ထွန်းထွန်း
(၅၅) ပြည့်ပြည့် (၅၆) ဒေါင်းနေ
(၅၇) မောင်ထွေး (၅၈) အောင်ဟိန်း
(၅၉) ဇော်ဇော် (၆၀) တိုးနေ
(၆၁) ဝင်းဝင်း (၆၂) ဖိုးလှ
(၆၃) ပိုမြိုင် (၆၄) မောင်မောင်
(၆၅) မြင့်ဇော် (၆၆) လေးမောင်
(၆၇) ကိုဒေါကြီး (၆၈) ဗညား
(၆၉) အောင်မင်းကျော် (၇၀) ဇော်မင်းအောင်
(၇၁) သန့်ဇင်ထွန်း (၇၂) ဝေယံဖြိုး
(၇၃) မြတ်ထူးနိုင် (၇၄) တင်မြင့်
(၇၅) အောင်မင်း (၇၆) သာအောင်



သူကြီးမှာ စာအုပ်ထဲက စာရင်းကိုကြည့်ပြီး တွေဝေတုံ့ဆိုင်းနေသည်။ ခေါင်း တစ်ခါခါဖြစ်နေ၏။

ထို့ကြောင့် သူ့အနီးအနားမှာ ရှိသော သူ့တပည့်အား-

"ဖိုးထောင်"

"ဗျာ"

"ဒီလိုသာ ယောကျ်ားလေးဦးရေ ဆက်များနေမယ်ဆိုရင် ငါတို့ရွာအတွက် မလွယ်ဘူး"

"ဟုတ်တယ် သူကြီး၊ အရင်ခေတ်တုန်းကလို အခြားရွာက ကောင်မလေးတွေကို ပိုးပန်းခွင့်ရဦးမယ်ဆိုရင်တော့ ဘာမှမဖြစ်ပါဘူး"

"အေး…အခုဟာက အခြားရွာကပါ၊ ငါတို့ရွာက ယောကျ်ားလေးဆိုရင် ကျိန်စာတိုက်ခံထားရသလိုလို ဘာလိုလိုထင်နေတော့ အဆင်မပြေတော့ဘူးပေါ့ကွာ"

"ဟုတ်တယ်…သူကြီး"

သူကြီး၏ ခေါင်းထဲတွင် အတွေးများနှင့် ရှုပ်ထွေးနေသည်။

တစ်နေ့တစ်နေ့ ယောကျ်ားလေးတွေပဲ များလာပြီး…။ တစ်ရွာလုံး ယောကျ်ားလေးတွေချည်းပဲဆိုရင်…။

ခေါင်းကို ခါရမ်းလိုက်သည်။

ဒီကိစ္စကို တစ်ခုခုတော့ ဆုံးဖြတ်ရမည်။

"ဖိုးထောင်"

"ဟုတ်ကဲ့…သူကြီး"

"တစ်ရွာလုံး ငါ့အိမ်မှာ လာစုဝေးဖို့ ကြေညာစမ်းကွာ"

()

www.burmeseclassic.com

www.burmeseclassic.com



(ယ)

သူကြီးအိမ်ရှေ့ရှိ မြေကွက်လပ်တွင် လူတော်တော်များများ စုဝေးရောက်ရှိနေကြပြီဖြစ်သည်။

ရွာရှိလူလည်းတော်တော်စုံနေပြီ ဖြစ်သည်။

"အဟမ်း"

သူကြီးက ချောင်းတစ်ချက်ဟန့်လိုက်ပြီး အားလုံးကို ဝေ့ကြည့်လိုက်သည်။

ရောက်လာသောသူများထဲတွင် ထုံးစံအတိုင်း ယောကျ်ားလေးဦးရေများ၏။ အိမ်ထောင်သည်အမျိုးသမီးများက သားကိုချီကာ ခင်ပွန်းသည်နှင့်အတူ ရောက်လာကြ၏။

"ခေါ်ရတဲ့ ရည်ရွယ်ချက်က ထွေထွေထူးထူးတော့မရှိပါဘူး၊ ဒါပေမယ့် ပြောစရာ၊ တွေးစရာလေးနည်းနည်းရှိလို့ ခေါ်လိုက်တာပါ"

"ဘာများလဲသူကြီး"



အသက်ကြီးကြီး အဘိုးအိုတစ်ယောက်က ဝင်မေးသည်။

သူ့ဇနီးအဖွားအိုသည် မကြာမီက ဆုံးထားသော သူတစ်ယောက်ဖြစ်သည်။

သူကြီးက သူ့စကားကို ဆက်ပြောသည်။

"ဒီမှာ ကျွန်တော်တို့ရွာရဲ့ လူပျိုကြီး၊ လူပျိုလေး စာရင်းပါ"

ဟုဆိုပြီး ရှေ့ဆုံးမှာရှိသော ရွာသားတစ်ယောက်ကို စာအုပ်ပြလိုက်သည်။

ထိုသူမှတစ်ဆင့် တက်ရောက်လာသူအားလုံးစာရင်းကို ကြည့်ရှုကြသည်။

"များသားဟ"

"အံမယ်...ငါက နံပါတ် ၂၇ ပါလား"

စသည်ဖြင့် စာရင်းကိုကြည့်ပြီး တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသော်လည်း သူကြီး၏ ဆိုလိုရင်းကို နားမလည်ကြသေးချေ။

"သူကြီးက ဘာဆိုလိုချင်တာလဲ"

"ဒီလို...ဒီလို"

"အခုရှိနေတဲ့ သက္ကရာဇ်ကို ခုနစ် (၁)လို့ပဲ ဆိုကြပါစို့"

"ဟုတ်ကဲ့"

သူကြီးရဲ့စကားကို အားလုံးက စိတ်ဝင်စားလာကြသည်။

သူကြီးက တဖက်ပါအတိုင်း ဆက်ရှင်းပြသည်။

www.burmeseclassic.com

www.burmeseclassic.com



ခုနှစ် (၁)

ရွာရှိ လူပျို -၁၀၀ ဦးရေ ရှိတယ်ဆိုပါစို့။

(ဒီကြားထဲမှာ အိမ်ထောင်မပြုဖြစ်၊ အိမ်ထောင်ဖက်ကို အခြားရွာများမှ ရှာ၍မရ စသည့်အခက်အခဲများနဲ့ ကြုံရမယ်ဆိုရင်…)

နောက်နှစ်တွေမှာ

ရွာရှိ လူပျို - ၂၀၀ ဦးရေလောက် ဖြစ်သွားနိုင်ပါတယ်။

တစ်နှစ်ထပ် တစ်နှစ် မိန်းကလေး မမွေးဖွားတဲ့အတွက် ရွာမှာရှိတဲ့ လက်ရှိအမျိုးသမီးများသေဆုံးပါက ရွာတွင် ကလေး မွေးနိုင်တဲ့ အမျိုးသမီးဦးရေ ရှိတော့မှာ မဟုတ်ဘူး။

ထိုအခါ နှစ်အနည်းငယ်အတွင်း-

ရွာတွင် ယောကျ်ားလေးများပဲ ကျန်ခဲ့နိုင်ပါတယ်။

ထိုကဲ့သို့ ကျန်ခဲ့ပါက ပြဿနာအချို့ ဖြစ်ပွားနိုင်ပါတယ်။



ပြဿနာများ

(၁) ရွာတွင် မျိုးဆက်ပွံ့ပွားမှု မရှိနိုင်တော့။

(၂) အရက်သေစာ သောက်စားမှု များပြားလာနိုင်သည်။

(၃) ဆန့်ကျင့်ဘက်လိင်များ မရှိတော့သောကြောင့် အထီးကျန်မှု၊ စိတ်ခံစားကျမှုနှင့် စိတ်အလိုမကျမှုများ ဖြစ်ပွားလာနိုင်သည်။

(၄) ဆန့်ကျင့်ဘက်လိင်မရှိသော ရွာတွင်ပျင်းရိကာ ရွာထဲ၌ မနေချင်တော့ပဲအခြားရွာများသို့ တစ်မိုးတစ်အိမ်ထောင် ထူထောင်ရန်အတွက်ပြောင်း ရွှေ့အခြေချနေမှုများ ကြုံဆုံရနိုင်သည်။

(၅) ရွာတွင် တစ်ယောက်မှ မရှိတော့ပဲ ရွာပျက်စီးလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

သူကြီး၏ စကားကြောင့် အားလုံးမှာ ထိတ်လန့်သွားကြသည်။

သူကြီးပြောသည့် အခြေအနေသည် သူတို့ရွာတွင် ဖြစ်ပေါ်နေသော အခြေအနေနှင့် တစ်ထပ်တည်းဖြစ်နေသောကြောင့် ဖြစ်သည်။

ရွာတွင် အိမ်ထောင်ဘက်ရှာ၍ မတွေ့ခြင်း၊ လူပျိုဦးရေများပြားလာခြင်းတို့က သက်သေခံနေလေသည်။

"ဒါ...ဒါဆို ဘယ်လိုလုပ်ကြမလဲ သူကြီး"

ရွာသူရွာသားအားလုံးက တညီတညွတ်တည်း ဝိုင်းမေးကြသည်။

"ငါတို့ရွာက ရှေးကတည်းက ယောကျ်ားလေးပဲမွေးလာတာဆိုတော့ ဘယ်လိုဖြေရှင်းရမလဲ မသိဘူး"

"ဟုတ်တယ် သူကြီး၊ ပြီးတော့ အခြားရွာက မိန်းကလေးတွေကိုလည်း အတင်းအဓမ္မလက်ထပ်လို့လည်း မဖြစ်ပြန်ဘူး"

နောက်တစ်ယောက်ကလည်း ဝင်ပြောသည်။

"အခြားရွာက လူကြီးတွေနဲ့ ညှိရင်ရော သူကြီး"

"ဘယ်လိုညှိတာကို ပြောတာလဲ"

"ကျွန်တော်တို့ရွာက လူပျိုက သူတို့ရွာရဲ့ သမီးပျိုကို တောင်းရမ်းတာတို့ဘာတို့တွေလေ"

"အခြားရွာက လူတွေက အရင်တုန်းကလို မဟုတ်တော့ဘူး၊ သူတို့ရွာက သမီးပျိုတွေကို ငါတို့ရွာကယောကျ်ားလေးတွေနဲ့ ပေးစားချင်တာ မဟုတ်တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ယောက်ကလည်း ဝင်ပြောပြန်သည်။

"ကျွန်တော်တို့ကိုကောင်မလေးတွေ သဘောကျလက်ခံလာအောင် ကြိုးစား ရင်ရော"

"ပြောတော့သာလွယ်တာ၊ လုပ်တဲ့အခါ ခက်တယ်၊ လူပျို လှည့်ရင် အခြားရွာက လူပျိုတွေက နှောင့်ယှက်တာနဲ့ သမီးရှင်တွေက လည်း သူတို့ရွာက လူနဲ့မှသဘောတူချင်တာနဲ့၊ ပြီးတော့ သမီးတွေက လည်း မိဘစကားကို မလွန်ဆန်နိုင်တာနဲ့ မလွယ်လောက်ပါဘူး"

ဟုတ်တော့လည်း ဟုတ်သည်။ အခြေအနေက သိပ်တော့ မလွယ်လှချေ…။

သူတို့အားလုံးမှာ စဉ်းစားရကျပ်သွားသည်။

ရွာရှိ အိမ်ထောင်ရှင်အမျိုးသမီး အနည်းငယ်မှာလည်း မည်သို့မျှအကြံမပေးတတ်ပဲ ဖြစ်နေကြသည်။

ထိုစဉ်-

"နတ်ဆရာမေးကြည့်ရင် ကောင်းမယ်ထင်တယ်"

"ဘယ်ကနတ်ဆရာလဲ"

"ကျွန်မတို့ရွာနဲ့ နည်းနည်းလောက်ဝေးတဲ့ရွာမှာရှိတဲ့ နတ်ဆရာ ကိုပြောတာ"

အိမ်ထောင်ရှင်အမျိုးသမီးစကားကို အားလုံးက စိတ်ဝင်စား လာကြသည်။



"အဲ့ဒီနတ်ဆရာက မီးခိုးတွေတဝေဝေ၊ တုတ်ကောက်ကြီး တကိုင်ကိုင်၊ အိမ်တွေမှာ ကြောက်စရာအရိုးခေါင်းတွေရှိတဲ့ နတ်ဆရာ လား"

"အာ…အဲ့ဒီလိုမျိုး မဟုတ်ပါဘူး၊ အဲ့ဒီရွာရဲ့ ပညာရှိလို့ပဲ ပြောရမှာပေါ့၊ ရွာမှာအခက်အခဲရှိရင် သူ့ကိုပဲတိုင်ပင်ကြရတာ၊ သူက ဗေဒင်နဲ့ အခြားနက္ခတ်ဆိုင်ရာတွေလည်း ကျွမ်းကျင်တယ်တဲ့ ဒါကြောင့် တစ်ရွာလုံးက နတ်ဆရာလို့ ခေါ်ကြတယ်လို့ပြောတာပဲ"

"သူက ငါတို့ရွာအတွက် အကူအညီပေးနိုင်ပါ့မလား"

အားလုံးမှာ သူကြီး၏စကားကြောင့် စဉ်းစားသွားရသည်။

မမြင်ရသည့် နတ်ဆရာကိုလည်း အကူအညီတောင်းချင်သည်။ မကူညီနိုင်ရင်လည်း ဒုက္ခဟု တဆက်တည်းတွေးနေမိသည်။

"ဒါကတော့…အကူအညီသွားတောင်းကြည့်မှသိမှာပဲ"

"အင်း…အဲ့ဒါ ဟုတ်တယ်"

အိမ်ထောင်ရှင်အမျိုးသမီးကြီးစကားကို အားလုံးက ထောက်ခံ လိုက်ကြသည်။

()

www.burmeseclassic.com

www.burmeseclassic.com



(င)

ယနေ့သည် သူကြီးနဲ့ရွာသားသုံးယောက် ထွက်သွားသည့် လေးရက်မြောက်နေ့ဖြစ်သည်။

ပုံမှန်အတိုင်းဆိုလျှင် ဒီနေ့သည် သူကြီးနဲ့အဖွဲ့ ရွာပြန်ရောက်ရမည့်နေ့ဖြစ်သည်။ မနက်ကတည်းက ကိုဖဲ၏ 'ဖျော်ရည်ရောင်းသောဆိုင်' တွင် လူအများပြည့်ကျပ်နေကြသည်။

သူကြီးနဲ့ရွာသားများကို စိတ်ဝင်စားမှုအပြည့်နှင့် လာစောင့်နေကြခြင်းဖြစ်သည်။

"သူကြီး အဆင်ပြေပါ့မလား မသိဘူး"

"ပြေမှာပါကွ"

"မင်းက ဘယ်လိုလုပ်သိလဲ"



ရွာရှိလူပျိုနှစ်ယောက် အချင်းများနေခြင်းဖြစ်သည်။

ဆိုင်ရှင်ကိုဖဲကလည်း တစ်ယောက်တည်း ထိုင်နေသော ပိုမြိုင်စားပွဲသို့ သွားပြီး-

"ပိုမြိုင်"

"ဘာလဲဗျ"

"မင်းလဲ သူကြီးမျှော်နေတာပဲလား"

"ဒါပေါ့…အစ်ကိုတို့လို ကျွန်တော်တို့က မိန်းမမှ မရသေးတာ"

ပိုမြိုင်စကားကြောင့် ကိုဖဲမှာ အနည်းငယ်ရယ်လိုက်ပြီး-

"ငါလည်း ခက်ခက်ခဲခဲနဲ့ တခြားရွာက သွားပိုးခဲ့ရတာပါကွာ"

"ကိုဖဲက မိန်းမကို တော်တော်ချစ်လား"

"ချစ်တာပေါ့ကွာ၊ ခက်ခက်ခဲခဲယူခဲ့ရတဲ့ မိန်းမပဲ"

"ကိုဖဲ မိန်းမရော၊ ကိုဖဲကို ချစ်လား"

"ချစ်မယ်ထင်တာပဲကွာ"

"ဒါပေမယ့် ကိုဖဲတို့လင်မယားနှစ်ယောက်က နှစ်တွေကြာတာတောင် ကလေးမရသေးဘူးနော်"

"ဒါကတော့ မပြောတတ်ပါဘူး၊ ကလေးရလဲ၊ ယောကျ်ားလေးပဲမွေးပြီး…ကြီးလာရင် ယူစရာမိန်းမ မရှိပဲဖြစ်နေပါဦးမယ်…ဟား…ဟား"

www.burmeseclassic.com

www.burmeseclassic.com



ကိုဖဲက သူ့စကားကိုသူ သဘောကျပြီး ရယ်နေလေသည်။

ပိုမြိုင်ကလည်း-

"ဟုတ်တယ်...ကိုဖဲရာ"

ဟုဆိုပြီး စိတ်ဓာတ်ကျကာ ထောက်ခံလိုက်လေသည်။

ဤတွင် အဝေးမှလာနေသော လူတစ်စု၏ အရိပ်အယောင်ကို တွေ့လိုက်ရလေသည်။

"သူကြီး...သူကြီးနဲ့တူတယ်"

ရွာသားတစ်ယောက်၏ အသံကြောင့် အားလုံးမှာ ဆိုင်အပြင်သို့ လှမ်းကြည့်လိုက်ကြသည်။

"ဟုတ်တယ်...သူကြီးတို့ပြန်လာပြီ"

()



(၈)

ဆိုင်ထဲတွင် သူကြီးကို အလယ်မှာထားကာ ဝိုင်းပတ်ပြီးထိုင်လိုက်ကြသည်။ သူကြီးက လွယ်လာသော လွယ်အိတ်ကို ခုံပေါ်တင်လိုက်၏။

ထို့နောက် မျှော်လင့်တကြီးဖြင့် ကြည့်နေသော ရွာသားများကို တစ်ချက်ကြည့်ကာ-

"နတ်ဆရာနဲ့ တွေ့ခဲ့တယ်"

ဟု တုံးတိကြီးပြောချလိုက်လေတော့သည်။

အားလုံးကလည်း

"နတ်ဆရာက ဘာပြောလိုက်လဲသူကြီး"

"ဘာလုပ်ရမယ်တဲ့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူက ဘယ်လိုပုံစံမျိုးလဲ"

"ယုံရောယုံကြည်ရပ့ါမလား"

စသည်ဖြင့် တစ်ယောက်တစ်ပေါက် ဝိုင်းမေးကြလေတော့သည်။

သူကြီးက အားလုံးကိုလက်ကာပြလိုက်၏။

မေးခွန်းနှင့် စကားသံများ ရပ်သွားကြသည်။

ဤတွင် သူကြီးက လွယ်အိတ်ထဲမှ စာအိတ်နှစ်အိတ်ကို ထုတ်ကာ စားပွဲပေါ်တင်လိုက်သည်။

အားလုံးကလည်း စာအိတ်ကို စိတ်ဝင်တစားနဲ့ ကြည့်ကြပြန်သည်။

"ငါနတ်ဆရာနဲ့တွေ့တော့...သူက ငါတို့ရွာအကြောင်းသိတယ်လို့ ပြောတယ်"

သူကြီးက လွယ်အိတ်ကို သူ့ပေါင်ပေါ်တင်လိုက်ပြီး-

"အဲ့ဒီမှာ ငါက သူ့ကို ငါတို့ရွာရဲ့ ဖြစ်နိုင်ခြေရှိတဲ့ပြဿနာကို ပြောပြီး အကူအညီတောင်းတာပေ့ါ"

"အဲဒီတော့"

"သူက စာရွက်တစ်ရွက်ပေါ်မှာ ဘာတွေလည်း မသိဘူး ချရေးတယ်...ပြီးတော့၊ ငါတို့ရွာရဲ့အကြောင်းတွေကို အသေးစိတ်မေးတယ်"

"အင်း"

"နောက်တော့ ငါတို့ကို အိမ်အပြင်ခဏထွက်နိုင်းတယ်"



ရွာသားများမှာ စိတ်ဝင်တစားနှင့် တိတ်တဆိတ်နေကြသည်။

"ခဏကြာတော့ အိမ်ထဲပြန်ဝင်ခိုင်းပြီး၊ ငါတို့ကို စာလေးသုံးစောင်ပေးတယ်၊ ပြီးတော့ ရွာကိုရောက်မှ ဖွင့်ဖတ်ပါဆိုတာနဲ့ ပြန်လာခဲ့တာပဲ"

ဟုဆိုကာ သူကြီးက သူ့စကားကို အဆုံးသတ်လိုက်သည်။

ဤသို့ဖြင့် အားလုံး၏ အကြည့်များသည် စာအိတ်နှစ်အိတ်ဆီသို့ ရောက်သွားကြလေ၏။

သူကြီးက နံပါတ် (၁)ဟု တပ်ထားသည့် စာအိတ်ကို ကောက်ကိုင်လိုက်သည်။

စာ၏ အစတွင်-

**ရွာတွင် မွေးဖွားရန် ကိုယ်ဝန်သည် ဘယ်နှစ်ယောက်ရှိ သလဲ? ဘယ်နေ့လောက်မွေးမလဲ?**

ဟူသည့် မေးခွန်းဖြင့် စထားလေသည်။

သူကြီးမှာ စာကိုခဏရပ်လိုက်ပြီး အားလုံးကို တချက်ကြည့်လိုက်၏။

"ငါတို့ရွာမှာ ကိုယ်ဝန်ဆောင်ထားတာ ဘယ်နှစ်ယောက်ရှိလဲ"

ရုတ်တရက်ဆိုတော့ အားလုံးက မဖြေနိုင်ပဲ ဖြစ်နေသည်။

သို့သော်လည်း သိပ်ကြာကြာမစဉ်းစားလိုက်ရပါ။ ကိုယ်ဝန်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်တဲ့ သူက သိသာစွာနည်းပါးသောကြောင့် ချက်ချင်းဆိုသလိုပင် ဖြေနိုင်ကြလေသည်။

"မကောင်း၊ မဝင်းဆွေ၊ မခင်မြင့်သုံးယောက်မွေးဖို့ ရှိတယ်"

"ဘယ်နေ့လောက်မွေးမှာလဲ"

"မခင်မြင့်ကတော့ နောက်ဆုံးမွေးမယ်ထင်တယ်၊ ဒီလက နိုဝင်ဘာလဆိုတော့ ဒီဇင်ဘာလ ၂၇၊ ၂၈၊ ၂၉ လောက်ထင်တယ်"

သူကြီးက စာကိုဆက်ဖတ်လေသည်။

**ကိုယ်ဝန်သည်များထဲမှ တစ်ဦးဦးသည် မိန်းကလေးမွေးဖွားမည်ဆိုပါက ရွာတွင်နောက်ပိုင်း၌အမျိုးသားနှင့်အမျိုးသမီးဦးရေအချိုးအစားညီမျှလာပေမည်။**

**အကယ်၍ ထိုကိုယ်ဝန်များမှ မိန်းကလေးမမွေးဖွားခဲ့ပါက စာနံပါတ် (၂) ပါအတိုင်း ဖြစ်ပျက်လိမ့်မည်။**



သူကြီးက ဒုတိယစာကို အလျှင်အမြန်ဖွင့်ဖတ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးကိုယ်ဝန်မွေးဖွားသည့်နေ့အထိ မိန်းကလေးမမွေး
ဖွားပဲ ယောကျ်ားလေးသာမွေးမည်ဆိုပါက-
ရွာ၏ကံကြမ္မာအရ
နောက်ဆုံးကိုယ်ဝန်မွေးသည့်နေ့ ညနေ (၃)နာရီမတိုင်ခင်
ရွာထဲသို့ သူစိမ်းမိန်းကလေး တစ်ဦး ရောက်ရှိမည်။

ထိုရောက်ရှိလာသော မိန်းကလေးအား-



(၁)ရွာရှိ လူပျိုများထဲက တစ်ယောက်ယောက်နှင့် လက်ထပ်
ပေးရန်။

(၂)ထိုသို့ လက်ထပ်ပေးရာတွင် ဤလူနှင့်ယူရမည်ဟုအတင်း
အဓမ္မလက်ထပ်ပေးခြင်းမျိုးမဟုတ်ဘဲ မိန်းကလေးက ရွေး
ချယ်သဘောတူညီသည့် သူနှင့် လက်ထပ်ပေးရန်။

(၃)ထိုမိန်းကလေးက လူပျိုရွာသားတစ်ဦးဦးကို ရွေးချယ်ပြီး
လက်ထပ်မှသာ ရွာတွင်ဖြစ်ပေါ်နေသော အခက်အခဲမှာ
ပြေလည်မည်ဖြစ်သည်။

(၄)လက်ထပ်ဖို့စဉ်းစားနေသည့်ကာလအတွင်း မိန်းကလေးအား
ရွာသားများ၏ လက်နှင့်ဆောက်ထားသော သီးသန့်အိမ်တွင်
ထားရန်။

(၅)မိန်းကလေးသည် ရွာအတွင်းရှိ လူပျိုယောကျ်ားလေးနှင့်
လက်မထပ်ရသေးသရွေ့ ရွာအတွင်းကနေ အခြားအရပ်သို့
မည်သည့်နည်းနဲ့မှ ထွက်ခွာခြင်းမရှိစေရ။

www.burmeseclassic.com

www.burmeseclassic.com



သူကြီး၏ စာဆုံးသောအခါတွင် နားထောင်နေသော သူအားလုံးမှာ သာမန်ထက် ပိုပြီးတိတ်ဆိတ်သွားကြသည်။

"ဟုတ်ပါ့မလား သူကြီး"

ရွာသားတစ်ယောက်၏ စကားကြောင့် သူကြီးမှာ ဖြေရကျပ်သွားသည်။

"အဲ့ဒါတော့ မသိဘူး…စောင့်ကြည့်ရုံသာရှိတာပေါ့"

ဤတွင် ကိုဖဲနားတွင် ထိုင်နေသော ပိုမြိုင်က

"အဲ့ဒီနေ့မှာ မိန်းကလေးမမွေးပဲ ထုံးစံအတိုင်း ယောကျ်ားလေးပဲ မွေးမယ်…ဆိုပါစို့"

"အင်း"

"ဒါဆို နတ်ဆရာပြောတဲ့အတိုင်း…သူစိမ်းကောင်မလေး တစ်ယောက် ကျွန်တော်တို့ရွာကို ရောက်မယ်၊ သူကနေမှ ကျွန်တော်တို့ရွာသားတစ်ယောက်ကို ယူရမယ်လို့ ဆိုထားတယ်နော်"

"ဟုတ်တယ်လေ"

"ဒါပေမယ့်…သူကြီး…"

"ပြဿနာနည်းနည်းတော့ ရှိနိုင်တယ်ထင်တယ်"

"မင်းက ဘယ်လိုထင်လို့လဲ ပိုမြိုင်"

ပိုမြိုင်က သူကြီးရှေ့ရှိ နတ်ဆရာ၏ စာရွက်ကို လှမ်းယူလိုက်ပြီးနောက် ကျောရှိစာရွက်အလွတ်တွင် ဘယ်ကတည်းက ယူထားမှန်းမသိသည့် ခဲတံငယ်ဖြင့် အကြောင်းအရာအချို့ ချရေးလိုက်သည်။

သူကြီးနှင့် အားလုံးမှာလည်း ပိုမြိုင်ရေးနေသည့် စာကြောင်းများကို တစ်ခုချင်းစီ လိုက်ဖတ်ကြည့်နေမိကြသည်။



<u>ကြုံတွေ့ရနိုင်သည့် ပြဿနာအချို့</u>

(၁) ကောင်မလေးက ရွာသားများအား တစ်ဦးတစ်ယောက်ကိုမှ မကြိုက်ဘဲ လက်မထပ်ချင်ဘူးဆိုရင်။

(၂) ကောင်မလေးမှာ လင်ယောကျ်ားရှိခဲ့မည်ဆိုလျှင်။

(၃) ကောင်မလေးတွင် အရေးကြီးအကြောင်းအရာရှိ၍ ရွာကနေထွက်ပြေးခဲ့မယ်ဆိုရင်။

(၄) ကောင်မလေးအား အတင်းအဓမ္မလက်ထပ်ခိုင်းခြင်းမပြုရဟု ဆိုထားသောကြောင့် ထွက်ပြေးခဲ့ပါက အိမ်တစ်အိမ်မှာ ချုပ်နှောင်ခြင်းလည်း ပြု၍မရပြန်။

(၅) ထိုကောင်မလေးအား ကျွန်တော်တို့ရွာရှိ တစ်ယောက်ယောက်နဲ့ လက်ထပ်ပါခင်ဗျာဟု မည်သူက မည်သို့ပြောပြမည်နည်း။

(၆) ကောင်မလေးကရော ခဖြစ်အပျက်ကို ယုံကြည်ပါ့မလား။

(၇) ကောင်မလေးကို မ[illegible]မနေရွေးချယ်ရမည်ဟု ဆိုပါကလည်း တစ်ရွာလုံးက အတင်းအကျပ်ပြုလုပ်သလိုဖြစ်နေဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



(၈) အကယ်၍များ ရွာရှိတစ်ဦးတစ်ယောက်ကို ရွေးချယ်မည်ဆိုပါကလည်း ရွာသို့ရောက်ရောက်ချင်း ရွေးချယ်၍ ရနိုင်မည်မထင်…။ အချိန်တော်တော်ကြာအောင် အချိန်ပေးရမည်ထင်သည်။ ထိုအတော အတွင်း ကောင်မလေးသည် ကျွန်တော်တို့ရွာနှင့် အသားကျပါမည်လား။

(၉) ထိုအတောအတွင်း ကောင်မလေးက အိမ်ပြန်ချင်သည်ဟုဆိုပြီး အတင်းပဲတောင်းဆိုနေမည်ဆိုပါက ရွာသူရွာသားများအားလုံးမည်သို့ ပြုလုပ်မည်နည်း။



ပိုမြိုင်ချရေးသည့် အချက်များကိုကြည့်ပြီး အားလုံးမှာ တွေဝေသွားကြသည်။ ကြုံတွေ့လာနိုင်သော ပြဿနာများပင် ဖြစ်သည်။ ထိုစဉ်-

"သူကြီး…နတ်ဆရာရဲ့ တတိယစာရော"

"အင်း…ဟုတ်တယ်၊ သူကြီး တတိယစာကို ဖွင့်ကြည့်ရဦးမယ်လေ"

အားလုံးကလည်း ထိုအခါမှ တတိယစာကို သတိရသွားကြလေသည်။

သူကြီးက အားလုံးကို လက်ကာပြလိုက်ပြီး-

"ဒီစာက အခုဖွင့်ဖတ်ဖို့ မဟုတ်ဘူးတဲ့"

"ဟင်…ဘယ်တော့မှ ဖွင့်ဖတ်ရမှာလဲ"

"တစ်ရွာလုံးက တစ်ခုခုကြောင့် မဖြစ်မနေအခက်အခဲကြုံနေပြီဆိုမှ ဖွင့်ကြည့်ရမှာတဲ့၊ အကြံပေးထားတဲ့စာဖြစ်မှာပေါ့"

"ြော်"

အားလုံးနားလည် သွားကြလေသည်။

"ဘာပဲပြောပြော နတ်ဆရာပြောတဲ့စကားကို စောင့်ကြည့်ရမှာပဲ"

"ဟုတ်တယ်၊ ပြီးဝေ ပိုမြိုင်ပြောတဲ့ ပြဿနာတွေကို ဖြေရှင်းနိုင်မယ့် နည်းတွေကိုလည်း စဉ်းစားရမယ်"

အားလုံးမှာ စိတ်အားတက်ကြွလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် အားလုံးမှာ 'ဖျော်ရည်ရောင်းသော ဆိုင်'တွင် ဖြစ်ပေါ်လာနိုင်သည့် ပြဿနာများဖြေရှင်းရန်ဟု ခေါင်းစဉ်တပ်ကာ စတင်ဆွေးနွေးကြလေတော့သည်။

()



တစ်ရွာလုံးတွင် မိန်းမရှားပါးပြီး
ရွာရှိလူပျိုများအိမ်ထောင်ပြုရန်အတွက် အခြားရွာတွင်
မိန်းမရှာရသောကြောင့်
မိန်းမရှာရွာဟု အမည်တွင်ခြင်းဖြစ်သည်။

(အထက်ပါအချက်အလက်မှာ ၄င်းရွာရှိ ရွာခံများပြောပြချက် အမှန်ပင် ဖြစ်ပါသည်။ . . . စာရေးသူ)

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် မိန်းမရှာရှာကလေးသို့ သူစိမ်းမိန်းကလေးတစ်ဦး ရောက်ရှိလာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



(၆)

ခေါင်းကအနည်းငယ်နာကျင်နေပြီး မျက်လုံးဖွင့်လိုက်သော အခါတွင် အလင်းတန်းအချို့က သူမမျက်လုံးထဲသို့ ဝင်လာ၏။

စူးရှသောအလင်းရောင်ကြောင့် မျက်လုံးကို ခဏပြန်ပိတ်ထား လိုက်သည်။

အိမ်ခေါင်မိုးတစ်ခုကို တွေ့ရ၏။

ထို့ပြင် တိတ်ဆိတ်နေသော ပတ်ဝန်းကျင်ကြောင့် အိပ်နေရာမှ အလန့်တကြားထလိုက်မိသည်။

ဘယ်ရောက်နေတာပါလိမ့်ဟု တွေးမိပြီး ခြုံထားသော စောင်ကိုခွာလိုက်သည်။

လူတစ်ဦးတစ်ယောက်မှလည်း မတွေ့ရချေ…။

''အိမ်ရှင်တို့''

ပြန်ထူးသံမကြားရချေ…။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူသည် သူမရှေ့သို့ရောက်သောအခါ အနည်းငယ်တုံ့ဆိုင်းသွားပြီး–

''ပြောချင်တာနောက်မှပြောတော့…နောက်ကျနေပြီ… ခရီးလှနေပြီထင်တယ်''

ဟုဆိုပြီး ပြေးသွားလေသည်။

ဘာမှ ပြောချိန်မရလိုက်ပဲ သူမမှာ အူကြောင်ကြောင်နှင့် ကျန်ရစ်ခဲ့လေသည်။

ထို့နောက် ခုနပြေးသွားသော လူနောက်လိုက်ကြည့်လျှင် နောက်ထပ်လူများတွေ့နိုင်သည်ဟု တွေးမိပြီး ထိုလူပြေးသွားရာလမ်းသို့ ဦးတည်လျှောက်လိုက်သည်။

ခဏအကြာတွင် ရေကန်တစ်ခုတွေ့ရပြီး ငါးမျှားနေသော အမျိုးသားတစ်ယောက်ကို ဝမ်းသာအားရတွေ့လိုက်ရလေသည်။

''ဒီမှာရှင့်…ဒီမှာ''

လှည့်မကြည့်ချေ…။ မကြားတာပဲလား၊ ငါးကိုအာရုံရောက်နေ၍ပဲလား မည်သို့မျှခေါ်၍မရချေ…။

''ဘယ်လိုလူတွေပါလိမ့်''

ဒီရွာကလူတွေကို နည်းနည်းတော့ စိတ်ဝင်စားလာသည်။

သို့နှင့် နောက်ဆုံးအကြံတစ်ခုရကာ ဘေးနားက ခဲလုံးသေးသေးတစ်ခုကောက်ယူလိုက်သည်။

ငါးမျှားနေသောသူကို မထိစေပဲ သူ့ရှေ့ရေကန်သို့ ခဲလုံးကို ရောက်အောင်ပစ်လိုက်၏။



''ပလုံ''

ထိုအခါမှပဲ ငါးမျှားနေသူမှာ သူ့ကိုလှည့်ကြည့်လေသည်။

''ဒီမှာ…ကျွန်မ…''

ဟုစကားဟရုံပဲ ရှိသေးသည်။ ထိုငါးမျှားသမားက လက်ကာပြကာ–

''သူစိမ်းထင်တယ်''

ဟု မေးလေသည်။

''အင်း…ဟုတ်တယ်''

''ရှေ့ဆက်လျှောက်သွားရင်…သူစိမ်းဆိုင်ကို တွေ့လိမ့်မယ်၊ အဲ့ဒီမှာမေး''

''ရှင်…ဘာကို''

စကားမေးပင်မရတော့ချေ…။

ငါးတစ်ကောင်မိသောကြောင့် ထိုသူမှာ ထိုငါးနှင့် အလုပ်ရှုပ်သွားလေတော့သည်။

''သူစိမ်းဆိုင်…။ ဘာကိုဆိုတာပါလိမ့်''

ထပ်မေးမရတော့မည့်အဆုံး ထိုသူညွှန်ပြရာဆီသို့ ရှေ့ဆက်လျှောက်လာခဲ့သည်။

တစ်နေရာအရောက်တွင် ထူးဆန်းသော ဆိုင်းဘုတ်နှင့် ဆိုင်တစ်ဆိုင်ကိုတွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



## ''စိတ်ပြေလက်ပျောက်ဆိုင်''

ဆိုင်ထဲသို့ လှမ်းကြည့်မိလိုက်၏။ ဆိုင်ထဲရှိ လူများအားလုံးမှာ ယောက်ျားလေးများဖြစ်ပြီး နောက်ဆုံးတွင် ခုနကသူ့ရှေ့မှ ဖြတ်သွားသော လူကြီးကိုတွေ့လိုက်ရလေသည်။

သူမလည်း စိတ်ပြေလက်ပျောက်ဆို၍ စိတ်ဝင်တစားနှင့် ကြည့်မိလေသည်။

ယောက်ျားလေးများမှာ ဝိုင်းဖွဲ့ထိုင်နေ၏။

အလယ်တွင် ကြွေခရားကြီးတစ်ခုချထားလေသည်။

( )



(၇)

''ကဲ…ဒီနေ့ စိတ်ပြေလက်ပျောက်လုပ်ရမယ့် ပွဲကတော့ အားလုံးတွေ့တဲ့အတိုင်းပဲ ဒီကြွေခရားကြီးထဲမှာ ရှိတယ်''

လူတစ်ယောက်က စတင်ပြောသည်။

အားလုံးကြွေခရားကိုကြည့်ပြီး စိတ်ဝင်စားနေကြသည်။

ထိုအချိန်ထိ သူမမှာ ဆိုင်အပြင်က ကြည့်နေတုန်းဖြစ်သည်။

ဆိုင်ဆိုသော်လည်း ပြောရရင် ဇရပ်ပုံစံဖြစ်နေသောကြောင့် အားလုံးမြင်နေရခြင်းလည်း ဖြစ်သည်။


ဝင်ပြောသည့်လူကပဲ ထိုကြွေခရားကြီးထဲသို့ အရက်ဟု ယူဆရသော အရည်များထည့်လိုက်၏။

ခရားထဲသို့ အရက်များအပြည့်ထည့်၍ မရချေ…။ နှုတ်ခမ်းနားတွင် အပေါက်များဖောက်ထားသောကြောင့် ဖြစ်သည်။

ရေခရားအပေါက်များမှာ တစ်ဖက်ပါအတိုင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com




A - ရေခရားနှုတ်သီးအပေါက်

B - ရေခရားလက်ကိုင်အပေါက်

C - ရေခရားနှုတ်ခမ်းလိုင်း

D - ရေခရားပတ်ပတ်လည်အပေါက်များ

E - ရေခရားလက်ကိုင်အဝင်ရေပေါက်

www.burmeseclassic.com

www.burmeseclassic.com



"ကဲ…ဒီထဲက အရက်ကို တစ်ဦးချင်းစီ မဖိတ်ကျပဲသောက်ရမယ်၊ကြိုက်တဲ့နည်းနဲ့ သောက်လို့ရတယ်၊ ဖိတ်ကျတဲ့သူကို တော့ အားလုံးကဝိုင်းရယ်ကြရမယ်၊ မဖိတ်ကျပဲ သောက်နိုင်ရင် သောက်နိုင်တဲ့သူကို အားလုံးက အရက်ဝိုင်း တိုက်ရ မယ်"

"ကောင်းတယ်"

အားလုံးက ပျော်ရွှင်စွာနဲ့ သဘောတူလိုက်ကြလေသည်။

"အပေါက်ဖောက်ထားပါတယ်ဆိုမှ ဘယ်လိုလုပ်သောက်မလဲ"

"ဒါက ကြိုးစားကြည့်ရမှာပေါ့"

"ဘယ်ကအိုးကြီးလဲကွ…"

"ငါလည်း မသိဘူး…ငါ့အဘိုးသေတ္တာထဲက ရှင်းရင်းနဲ့ရတာပဲ…ဒါနဲ့စိတ်ပြေလက်ပျောက်ဆိုင်မှာ ကစားပွဲတစ်ခုရတာပဲဆိုပြီး ယူလာတာပဲဟေ့"

ဆိုင်ထဲက လူများမှာ သူမကိုကျောခိုင်းထား၍ သူမကို အားလုံးမမြင်ကြရချေ…။

"ကောင်းတယ်…ဘယ်သူစသောက်မလဲ"

လူတစ်ယောက်က ကြွေခရားကို ကောက်ကိုင်လိုက်၏။

မော့သောက်သည်။

အရက်များသည် ပါး‹ သို့ အနည်းငယ်သာဝင်ပြီး အပေါက်များမှ တလဟောထွက်ကျ‹ဟာလေ၏။

"ဟေး…မရဘူး…အရက်တွေကျလာပြီ…ဟား…ဟား"

www.burmeseclassic.com

www.burmeseclassic.com



တကယ်လည်း ကြွေခရားကြီးကို မော့သောက်သူမှာ ရယ်စရာလည်း ကောင်းသည်။

အရက်များအပေါက်ထဲမှ စီးကျလာ၍ သူ့မှာအလျှင်အမြန် ရှောင်နေရတာကိုက ကိုးရိုးကားယားဖြစ်နေသည်။

အားလုံးမှာ သူ့ကိုကြည့်ပြီး ရယ်မောနေကြရလေသည်။

သူမလည်း ရယ်မောမိလေသည်။

ငို့သို့ဖြင့် နောက်တစ်ယောက် ထပ်သောက်ပြန်သည်။ ဘာပဲပြောပြော ကြည့်နေသော သူမပင် ပျော်ရွှင်လာ၏။

ကြည့်ရင်းကြည့်ရင်းနဲ့ပဲ ရေခရားကို သောက်သည့်သူများကို အားမလိုအားမရဖြစ်လာသည်။

အခုချိန်ထိ ဘယ်သူမှ မသောက်နိုင်သေးချေ…။

ကြွေခရားမှာ လျှို့ဝှက်ချက်တစ်ခုတော့ရှိရမည်။

ဒါနဲ့ သူမလည်း ဆိုင်နားသို့ မသိမသာ တိုးကပ်ကြည့်မိသည်။

"ဟင်"

သူမ သိသော ကြွေခရားအိုးနှင့်တူနေသည်ကို တွေ့ရသည်။

ထို့ကြောင့် လမ်းတွင်တွေ့ခဲ့သော လူနားသို့ တိုးကပ်သွားလိုက်၏။

အားလုံး ၊တော့ ကျောခိုင်းထားသောကြောင့် သူမကိုမမြင်ကြချေ…။



"ဦးလေး"

"ဟင်…နင်ပါလား…ဒီမှာ ဘာလုပ်နေတာလဲ"

"ဦးလေးကြီးက အရက်သောက်ချင်လို့ ဒီကိုပြေးလာတာလား"

"အင်း…ဟုတ်တယ်လေ"

"အခုသောက်ပြီးပြီလား"

"မသောက်ရသေးဘူး၊ ဒီနေ့ပွဲက နည်းနည်းခက်တယ်"

"ပိုက်ဆံရှိရင် ဝယ်သောက်ပေါ့"

"ဒီမှာက မရဘူး"

"ဘာဖြစ်လို့လဲ"

"စိတ်ပြေလက်ပျောက် ကစားကြရင်းနဲ့ အချင်းချင်းဝယ်တိုက်ကြရတာ"

ပျော်တော့ပျော်စရာကောင်းသည်။ သို့သော် တစ်မျိုးကြီးတော့ ဖြစ်နေ၏။

ဤဆိုင်သည် အရက်ဆိုင်ဖြစ်၏။ သို့သော် 'အရက်ဆိုင်'ဟု ပြောလျှင် ရိုင်းသည်ဟု ထင်၍လားမသိ 'စိတ်ပြေလက်ပျောက်ဆိုင်' ဟုသုံးနှုန်းထားသည်။

အရက်သောက်တယ်ဆိုတာ စိတ်ပြေလက်ပျောက်သောက်တာ ဟု ဆိုလိုပုံရသည်။ ထို့ပြင် အချင်းချင်းပေါက်ကရလုပ်ကြရင်း အရက်ဝယ်တိုက်ကြရပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးကြီး အရက်မသောက်ချင်ဘူးလား"

"ဟာ…ဘယ်နှယ့်ပြောလိုက်ပါလိမ့်၊ သောက်ချင်တာပေါ့"

"ဒါဆို…သမီးပြောသလိုလုပ်"

သူမလည်း တက်တက်ကြွကြွဖြစ်သွားပြီ-

"ဆွဲစရာတစ်ခုခုပါလား"

"ဘာကိုလဲ"

ရယ်သံများထွက်လာကြ၍ အသံတိုးသွားသည်။

နဂိုကတည်းက အသံတိုးတိုးပြောနေကြသောကြောင့် ပို၍ ပင် မကြားရပဲဖြစ်သွားသည်။

"ပုံဆွဲလို့ရတဲ့ ခဲတံနဲ့စာရွက်ကို ပြောတာ"

"ဟာ…အဲ့ဒါတော့ အလွယ်တကူမရှိဘူး၊ ကျောက်သင်ပုန်းနဲ့ ကျောက်တံကတော့ ဒီဆိုင်မှာ အလွယ်တကူရတယ်"

ဟုဆိုပြီး ခပ်လှမ်းလှမ်းမှ လှမ်းယူလိုက်သည်။

"ကဲ…သမီး၊ ဦးဘယ်လိုလုပ်ရမလဲ"

"ဒီလို…သမီးပုံဆွဲပြမယ်"

ဟုဆိုပြီး ကြွေခရားပုံကိုပဲဆွဲပြကာ စာအနည်းငယ်ရေးပြလေ၏။



(၁) B အပေါက်ကို လက်နဲ့အရင်ပိတ်ပါ။

(၂) အရက်များကို E အပေါက်မှဝင်စေပြီး C ၏နှုတ်ခမ်း လိုင်းမှထိန်း၍ ဖြတ်သန်းစေပြီး A နှုတ်သီးမှ ခွက်တစ်ခွက် ထဲသို့ ထွက်ကျစေ၍ ထိုခွက်ဖြင့် အရက်သောက်နိုင်သည်။

(မှတ်ချက်။ ။ ထိုအိုးလေးမှာ ၁၇ရာစု၊ ၁၈ ရာစုလောက်က သူဌေးကြီးများက ထိုအိုးမျိုးပြုလုပ်ကာ အလုပ်သမားများနှင့် အဆင့်နိမ့်သော သူများအား အရက်တိုက်ပြီး နောက်ပြောင်သော ကစားစရာကြွေအိုးပုံစံနှင့် ဆင်တူပါသည်။)

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးကြီးမှာ ကျောက်သင်ပုန်းကိုကြည့်ပြီး သဘောကျသွားလေ၏။

"ဒီအတိုင်းသောက်မယ်"

"အင်း…သောက်လိုက်ဦးလေ…ဒါနဲ့ သမီးတစ်ခုမေးမလို့"

ဟုဆိုလိုက်ရုံရှိသေးသည်။ သူကပြန်မေး၏။

"သူစိမ်းဆိုင် ရောက်ပြီးပြီလား"

"ဟင့်အင်းမရောက်ရသေးဘူး၊ ဘာ··ဘာဖြစ်လို့လဲ"

"အဲ့ဒီကိုသွားလိုက်လေ၊ သမီးသိချင်တာသိရတာပေါ့၊ဒီနားမှာက ဆိုင်တွေချည်းပဲလေ၊ ရှေ့ဆက်သွားရင်တွေ့ရလိမ့်မယ်၊ ဦးကတော့သောက်လိုက်ဦးမယ်"

ဟုဆိုပြီး ကျောက်သင်ပုန်းကပုံကိုထပ်ကြည့်ပြီး လေ့ကျင့်သလိုပုံစံဖြင့် မော့သောက်နေ၏။

သူမလည်း 'သူစိမ်းဆိုင်' ကိုရှာရန်အတွက် ဆက်လျှောက်လာခဲ့သည်။ ဦးလေးကြီးရဲ့အဆိုအရ 'သူစိမ်းဆိုင်' သည် သိပ်မဝေးတော့ချေ····။

()



(၉)

ရှေ့တွင် ဆိုင်းဘုတ်တပ်ထားသည့် ဆိုင်တစ်ဆိုင်ကို တွေ့ရပြန်သည်။ သူ၏ ခြေလှမ်းများ ရပ်တန့်သွား၏။ ဆိုင်းဘုတ်ကိုကြည့်ပြီး စိတ်ဝင်စားသွားကာ 'ဘာလဲဟ' ဟုပင် အတွေး ဝင်သွားရသည်။

ဆိုင်၏အမည်မှာ-

**ယောကျ်ားများအတွက်**

**ဆန့်ကျင်ဘက် လိင်ဆိုင်**


ဟူ၍ ဖြစ်သည်။

ဆိုင်၏ခပ်လှမ်းလှမ်းတွင် အိမ်သာတစ်ခုတွေ့ရ၏။ နောင်နှစ်အနည်းငယ်အကြာတွင် တွေ့ရမည့် အများသုံးအိမ်သာဟု ရေးထားသောကြောင့် အနည်းငယ် တွေဝေသွားရပြန်သည်။

ထို့ပြင် 'ကျား' နှစ်ခုဖြစ်နေသည်ကိုလည်း တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





'မ'ရေးဖို့ ကျန်ခဲ့သွားတာလား…။ ဘယ်လိုရှာပါလိမ့်ဟုပင် အတွေးများဝင်လာ၏။

သူလည်း ထပ်မစဉ်းစားချင်တော့ပဲ ထပ်လျှောက်လာခဲ့ရာ မကြာမီ-

**သူစိမ်းဆိုင်**

ဟုရေးထားသည့် ဆိုင်းဘုတ်ကို တွေ့ရလေ၏။

ဆိုင်ရှေ့တွင် ရေးထားသော စာသားများကြောင့် သဘောလည်း ကျသွားကာ၊ ဆိုင်ထဲသို့ ဝင်ဖို့လည်း စိတ်ဝင်စားသွားရသည်။

•

နေရာတစ်ခုကို ရောက်လာသော သူစိမ်းသည် သိချင်သော အကြောင်းအရာများ များပြားပေလိမ့်မည်။ ထို့ပြင် သူစိမ်းတစ်ယောက် အတွက် အကူအညီများစွာလည်း လိုအပ်ပေလိမ့်မည်။

မေးခွန်းများမေးနိုင်သည်။ အကူအညီလည်း တောင်းနိုင် သည်။ ယုံကြည်စိတ်ချရသော အဖြေကိုလည်း ပေးမည်။ အကူအညီ လည်း ပေးသည်။

ဆိုင်ထဲသို့ ဝင်လိုက်သောအခါတွင် ခုံတစ်ခုတွင် ထိုင်နေသော အမျိုးသမီးကြီးတစ်ဦးကို တွေ့လိုက်ရလေသည်။

အမျိုးသမီးကြီးက သူမကိုကြည့်ပြီး-

''သမီး…သတိရလာပြီလား''

ဟုမေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမကလည်း အမျိုးသမီးကြီးရှေ့ရှိခုံတွင် ဝင်ထိုင်လိုက်ပြီး-

"ကျွန်မ ဘယ်လိုဖြစ်ပြီး ဒီရွာရဲ့ အိမ်ထဲရောက်နေတာလဲ"

ထိုင်ထိုင်ချင်းပင် သိချင်သောမေးခွန်းကို မေးလိုက်သည်။

အမျိုးသမီးကြီးက ပြုံးလိုက်ပြီး-

"ရွာထိပ်မှာတွေ့လို့ သူကြီးနဲ့ရွာသားတွေက ခေါ်လာတာ၊ ပြီးတော့ သမီးက ဒဏ်ရာလည်းရထားတော့ ဆေးကုပေးထားတာ"

သူမမှာ နည်းနည်းတော့ တွေဝေသွားသည်။

သူမ တွေဝေနေစဉ်မှာပဲ အမျိုးသမီးကြီးက-

"သမီးမှာ အိမ်ထောင်ရှိလား"

ဟုမေးလေသည်။

ခေါင်းခါရမ်းပြလိုက်၏။

အမျိုးသမီးကြီးထံမှ သက်ပြင်းချသံကြားရသည်။

"သမီးက ဘယ်ကလာတာလဲ၊ ဘယ်လိုဖြစ်ပြီး ဒဏ်ရာရလာတာလဲ၊ မှတ်မိလား"

ဆိုင်ထဲတွင် အမျိုးသမီးကြီးတစ်ဦးသာရှိသည်။

ဟိုဟိုဒီဒီ လျှောက်ကြည့်နေရင်းမှ-

"ကျွန်မက မြို့ကပါ၊ အခြားမြို့လေးတစ်မြို့ကို အရေးကြီးကိစ္စနဲ့လာရင်းလမ်းမှာ ယဉ်တိုက်မှုဖြစ်ပြီး ဘယ်လိုလုပ် ဒီရောက်လာလဲ မသိဘူး"

"အင်း...အဒေါ်တို့ရွာနဲ့ ကားလမ်းမကတော့ သိပ်မဝေးပါဘူး၊ လယ်ကွင်းတွေ[illegible]ားမှာပါပဲ"



"ကြားထဲက အဖြစ်အပျက်တွေတော့ မမှတ်မိတော့ဘူး၊ ဒီရွာက အိမ်ကိုရောက်နေတာပဲသိတော့တယ်"

နှစ်ဦးစလုံးငြိမ်သက်သွားကြသည်။

ထို့နောက် သူမက-

"ဒါနဲ့ ကျွန်မရောက်နေတာ ဘယ်ရွာလဲရှင်"

"မိန်းမရှာရွာကို ရောက်နေတာ"

"ဟင်"

အနည်းငယ်ထူးဆန်းသော နာမည်ကြောင့် ရွာနာမည်လေးကို တိုးတိုး လေး ရေရွတ်နေမိသည်။

"သမီး၊ ဒီရွာမှာ ခဏနားရဦးမှာပေါ့"

"မဖြစ်ဘူး"

သူမ၏ တုံးတိတိဖြေလိုက်သောအသံကြောင့် အမျိုးသမီးကြီးမှာ နည်းနည်းထိတ်လန့်သွားသည်။

"ဘာဖြစ်လို့လဲ၊ ဒဏ်ရာတော်တော်ကြီးကောင်းသွားမှသာ ပြန်ပေါ့ သမီးရဲ့"

"ပြန်မှဖြစ်မယ်၊ သမီးက မင်္ဂလာဆောင်ဖို့အတွက် မဖြစ်မနေပြန်မှဖြစ်မှာ"

"ဟင်"

အမျိုးသမီးကြီး၏ မျက်နှာတွင် သွေးမရှိတော့ချေ...။

()

www.burmeseclassic.com

www.burmeseclassic.com



(၁၀)

"သမီး ဒီမှာ နှစ်ပတ်တော့ နေမှဖြစ်မယ်"

အမျိုးသမီးကြီး၏ စကားကြောင့် သူမမှာ တအံ့တသြ ဖြစ်သွားပြီး–

"ဘာဖြစ်လို့လဲ"

ဟုပြန်မေးလေသည်။

"ဒီရက်တွေက ပွဲတော်စတဲ့ ရက်တွေလေ၊ဒီတော့ ရွာရဲ့ပွဲတော်စည်းကမ်းအတိုင်း ပွဲတော်ပြီးမှ ရွာထဲက ထွက်လို့ရမှာ"

"ဘာပွဲတော်လဲ၊ ဘာကြောင့်မို့ ရွာထဲက ထွက်လို့မရတာလဲ"



သူစိမ်းဆိုင်မှ အမျိုးသမီးကြီးသည် ခန္ဓာကိုယ်ကို နည်းနည်းမတ်လိုက်ပြီး–

"ပွဲတော်ကတော့ ရွာမှာနှစ်စဉ်ကျင်းပတဲ့ ပွဲတော်ပေါ့၊ ဒီဇင်ဘာလ ၂၉ ရက်နေ့ကနေ ဇန်နဝါရီလ ၁၁ ရက်နေ့အထိ ကျင်းပတယ်၊ ပွဲတော်နာမည်က လွယ်လွယ်ပြောရရင် မိန်းမရှာရွာပွဲတော်ပေါ့"

"အင်း"

"ဒီပွဲတော်ကို အခြားရွာက လာလေ့မရှိဘူး၊ လာလည်းမလာဘူး၊ ဒါပေမယ့် ပွဲတော်ရဲ့ သူစိမ်းနဲ့ဆိုင်တဲ့ စည်းကမ်းတော့ရှိတယ်၊ ရွာသူရွာသားမဟုတ်တဲ့ သူစိမ်းပေါ့"

ဟုဆိုပြီး စာရွက်အများကြီးရှိသည့် နေရာမှ စာရွက်တစ်ရွက်ကို ထုတ်ပေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## မိန်းမရှာရှာ ပွဲတော်၏ သူစိမ်းစည်းကမ်း

(၁) ပွဲတော်သည် ဒီဇင်ဘာလ၂၉ မှ ဇန်နဝါရီလ ၁၁ အထိ ကျင်းပသည်။

(၂) ထိုအတောအတွင်း ရွာသားများသည် ရွာအပြင်သို့ မည်သည့်နည်းနဲ့မျှ မထွက်ခွာရ။

(၃) ထို့အတူ ထိုရက်အတွင်း ရွာသို့ရောက်လာသော သူစိမ်းများသည်လည်း ပွဲတော်ကာလအတွင်း ရွာထဲမှာသာ နေထိုင်ရမည်။ မည်သည့်နည်းနဲ့မှ မထွက်ခွာရပါ။

(၄) အကြောင်းအမျိုးမျိုးကြော ် ရောက်လာသော သူစိမ်းသည် ရွာ၏ ပွဲတော်တွင် ဝင်ရော ွှရမည်။

www.burmeseclassic.com

www.burmeseclassic.com



"ပွဲတော်က ဘာလုပ်ရတဲ့ပွဲတော်လဲ"

"ရွာရဲ့ ကံကြမ္မာဖတ်တဲ့ပွဲတော်ပါ၊ ရွာနဲ့အပ်စပ်တဲ့ ဆိုင်တွေဖွင့်တယ်၊ ပြီးရင် ရွာရဲ့ကံကြမ္မာရှိတဲ့ လူကိုရွေးတယ်"

"အဲ့ဒါ…ကျွန်မတို့ သူစိမ်းတွေနဲ့ ဘာဆိုင်လို့လဲ၊ ကျွန်မက အရေးကြီးကိစ္စရှိလို့ ပြန်ရမှာ"

"ပွဲတော်ရက်အတွင်းမှာ ရွာသူရွာသား (သို့) သူစိမ်းတစ်ယောက်က ရွာအပြင်ကို ထွက်ခဲ့မယ်ဆိုရင် ကံကြမ္မာဖတ်ပွဲက မအောင်မြင်၊ မမှန်ကန်တော့ဘူး"

သူမက သက်ပြင်းချလိုက်သည်။ စိတ်လည်း ရှုပ်ထွေး သွားသည်။ ဘယ်လိုရှာပါလိမ့်ဟု စိတ်ထဲတွေးနေမိသည်။

သို့သော် သူမမှာလည်း အရေးကြီးကိစ္စရှိနေသေးသည်။ မသွားလို့ကလည်း မဖြစ်ပြန်…။

"ကျွန်မ ပြန်မှဖြစ်မယ်"

ဤတွင် အမျိုးသမီးကြီးက စာအုပ်တစ်အုပ်ထုတ်ပေးပြန်၏။

"ဒါက ပွဲတော်ရက်အတွင်းမှာ ရွာကိုရောက်လာတဲ့ သူစိမ်းတွေ ရေးထားတဲ့ အတွေ့အကြုံတွေပဲ၊ သူစိမ်းဆိုင်က မှတ်တမ်းတင်ထားတာ"

စာအုပ်ကိုယူပြီး ဖတ်ကြည့်မိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မအေးနွယ်

ကုန်းမြင့်ရွာ။

ဒီရွာကို ရောက်လာတော့ ပွဲတော်ရှိမှန်းမသိပါဘူး။ တခြားရွာကို လာရင်းနဲ့ ဒီရွာလေးရဲ့နာမည်ကို စိတ်ဝင်စားလို့ လာဝင်ကြည့်တာပါ။

ဒါပေမယ့် ဒီရောက်တော့ ပွဲတော်နဲ့ ကြုံရပြီး ရွာကနေပြန်ထွက်ခွင့်မရပါဘူး။ ဒါနဲ့ရွာရဲ့သီးသန့်ဆောက်လုပ်ထားတဲ့ အိမ်မှာနေရတယ်။ ပြီးတော့ ဒီရွာလေးရဲ့ပွဲတော်ကို ဝင်ဆင်နွှဲရတယ်။

ပျော်ဖို့လည်းကောင်းတယ်။ စဉ်းစားစရာလည်း ကောင်းတယ်။ ကျွန်မရဲ့ကံကြမ္မာအကြောင်းအရာတွေကိုလည်း တအံ့တဩဖြစ်ရတယ်။

ပွဲတော်ပြီးတဲ့နောက် တစ်ရွာလုံးက ကျွန်မကို ရွာထိပ်လိုက်ပို့ကြတယ်။ အဲ့ဒီပွဲတော်ရက်ကလည်း ရွာကိုရောက်လာတဲ့ သူစိမ်းဆိုလို့ ကျွန်မပဲရှိတယ်။

ပြီးတော့ ဒီရွာက ပွဲတော်ရဲ့ဆိုင်တွေကို သဘောကျတယ်။



မတင်တင်မာ

အေးချမ်းမြို့။

ကျွန်မကတော့ ဒီရွာကို မထင်မှတ်ဘဲ ရောက်လာတာပါ။ ရောက်တော့ ပွဲတော်ရှိမှန်းသိရတယ်။ ရွာထဲက ပြန်လို့မရတော့ဘူး။ ကျွန်မမှာလည်းအရေးကြီးကိစ္စရှိနေတော့ ပြန်မယ်လို့ ဆုံးဖြတ်လိုက်တယ်။

ရွာသားတွေကတော့ တားပါတယ်။ ကျွန်မကိုယ်တိုင်က ကိစ္စရှိနေတော့ ပြန်မှကိုဖြစ်မယ်။

ဒါနဲ့ရွာသူရွာသားတွေက သတိပေးတယ်။ ပြန်လို့တော့ ရပါတယ်။ ဒါပေမယ့် တစ်နှစ်မှာ တစ်ခါပဲ ကျင်းပတဲ့ကံကြမ္မာဖတ် ပွဲတော်ကို ကျွန်တော်တို့ရွာလေးအနေနဲ့ မမှန်ကန်မှုတွေ ခံစားရနိုင်ပါတယ်။

ပြီးတော့ ပွဲတော်ရက်အတွင်း ရွာမှ ထွက်သွားသူဟာလည်း ကံမကောင်းတတ်ပါဘူးလို့ သတိပေးကြပါတယ်။

ကျွန်မကတော့ မယုံပါဘူး၊ ဒါနဲ့ ရွာကနေပြန်ခဲ့တယ်။ အဲ့ဒီနောက်ပိုင်း ကျွန်မဟာ ဒုက္ခအမျိုးမျိုး ကြုံတွေ့ခဲ့ရပါတယ်။ စာနဲ့တောင် ရေးပြလို့ မဆန့်လောက်ပါဘူး။

ဒါနဲ့ ဒီရွာလေးကို နောက်တစ်ခေါက်ပြန်လာခဲ့ရပါတယ်။ လာတဲ့ရက်ကလည်း ပွဲတော်ရက်အတွင်း ပြန်လာခဲ့ပါတယ်။

အားလုံးက ကျွန်မကို မှတ်မိပြီး ကျွန်မထွက်သွားတဲ့နှစ်က သူတို့ရွာ

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခရောက်ကြောင်း အားလုံးဝိုင်းပြောကြပါတယ်။

ကျွန်မလည်း စိတ်မကောင်းဖြစ်သွားပြီး ဒီနှစ်ပွဲတော်ရက် အားလုံး နေမယ်ဆိုပြီး ရွာထဲမှာပဲ နေခဲ့ပါတယ်။

ပျော်စရာလည်း ကောင်းပါတယ်။ နောက်ပြီး ဒီအကြောင်း အရာတွေကို သူ့စိမ်းဆိုင်မှာ မှတ်တမ်းအနေနဲ့ရေးခဲ့ရပါတယ်။

BURMESE CLASSIC .com



ကျန်သည့်စာများကို ဆက်မဖတ်တော့ပဲ စာအုပ်ကို ပိတ်လိုက်သည်။ ထို့နောက် အမျိုးသမီးကြီးကိုကြည့်ပြီး-

''ဘာပဲဖြစ်ဖြစ် ကျွန်မဒီရွာက ထွက်ချင်တယ်''

အမျိုးသမီးကြီးက သက်ပြင်းတစ်ချက်ချသည်။

''စဉ်းစားပါဦး သမီးရယ်၊ သမီးအပြင်၊ တစ်ရွာလုံးဒုက္ခရောက်မှာ''

''ကျွန်မကိစ္စကလည်း အရမ်းအရေးကြီးနေလို့ပါ''

အမျိုးသမီးကြီးသည် ခေါင်းငိုက်စိုက်ကျသွားသည်။

ကောင်မလေးရှေ့ရှိ စာအုပ်ကို ဖြည်းဖြည်းချင်း ပြန်ယူလိုက်သည်။

ထို့နောက် တရှုံ့ရှုံ့နှင့် ငိုနေလေတော့သည်။

ကောင်မလေးက မတ်တပ်ထရပ်သည်။

''စိတ်မကောင်းပါဘူး၊ ကျွန်မ ဟိုမှာ ကတိပေးထားခဲ့လို့ပါ''

ဟုဆိုပြီး မေးခွန်းတစ်ခု ထပ်မေးပြန်သည်။

''ဒီရွာထဲက ကျွန်မဘယ်လို ပြန်ထွက်ရမလဲ''

အမျိုးသမီးကြီးကလည်း

''လာတဲ့လမ်းမကြီးအတိုင်း သွားပါ''

ဟုစိတ်ပျက်လက်ပျက် ပြန်ဖြေလေသည်။

()

www.burmeseclassic.com

www.burmeseclassic.com



(၁၁)

BURMESE CLASSIC .com

ဆိုင်ထဲက ထွက်ထွက်ချင်းပင် ထူးခြားမှုကို သတိထားမိသွားသည်။ သူဖြတ်လာခဲ့သော ဆိုင်များမှသူများသည် ဆိုင်ရှေ့တွင်ရပ်ကာ သူမကို ဝိုင်းကြည့်နေကြခြင်းဖြစ်သည်။ သူမ ဒီရွာက ထွက်သွားမည်ကို သိသွား၍ထင်သည်။

စိတ်ပြေလက်ပျောက် ဆိုင်ရှေ့အရောက်တွင်–

"ဦးက ဒီရွာက သူကြီးပါ"

ဟုဆိုပြီး လူကြီးတစ်ယောက်က သူ့ကို သူမိတ်ဆက်သည်။

"ဟုတ်ကဲ့"

"ဒီမှာ ပွဲတော်ရက်အတွင်း နေပေးလို့မရဘူးလား သမီးရယ်"

အသနားခံသည့် မျက်နှာဖြင့် ပြော၏။

"မရလို့ပါ ကျွန်မကိစ္စကလည်း အရမ်းအရေးကြီးလို့ပါ"

"သမီးက ဘယ်ကိုသွားရမှာလဲ"

"……မြို့ကို သွားရမှာပါ"



"ဒီရွာကနေ အဲ့ဒီမြို့ကို သွားဖို့ အဝေးကြီးနော်… သမီးဘယ်လိုပြန်မှာလဲ"

အခုမှတွေးမိသော ပြဿနာဖြစ်သည်။

အရေးကြီးကိစ္စရှိသောကြောင့် ထိုပြဿနာကို ထူပူပြီး မစဉ်းစားမိချေ။

လမ်းလျှောက်သွားလို့ကလည်း မဖြစ်…။ ဒီရွာက တစ်ယောက်ယောက်ကို လိုက်ပို့ခိုင်းလို့လည်း မဖြစ်ပြန်…။

မည်သို့ဆိုသော် တစ်ရွာလုံးသည် ပွဲတော်ရက်အတွင်း အပြင်မထွက်သောကြောင့် ဖြစ်သည်။

"ကျွန်မသွားမယ့်မြို့နဲ့ ဘယ်လောက်ဝေးလဲ ဦး"


"ဝေးတယ်"

ဟုဆိုပြီး မြေကြီးပေါ်တွင် ထိုင်ချကာ ဒုတ်တစ်ချောင်းနဲ့ မြေပုံအကြမ်းဖျင်းဆွဲပြလေ၏။

ဝိုင်းကြည့်နေသော သူအားလုံးက သူကြီးဆွဲပြသော မြေပုံကို သူမနှင့်အတူ ဝိုင်းကြည့်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



"အတော်ဝေးသေးတာပဲ"

ဟု တိုးတိုးလေး ရေရွတ်မိသည်။

"ဦးတို့ရွာက လူတွေကလည်း သမီးကိုလိုက်ပို့လို့မရဘူး၊ ပြီးတော့ ဦးတို့ရွာရဲ့ အနီးဆုံးရွာကလည်း အတော်ဝေးသေးတယ်၊ ဒဏ်ရာရထားတဲ့သမီးအတွက် အဝေးကြီးလမ်းလျှောက်ဖို့ ဆိုတာမဖြစ်နိုင်သေးဘူး"

သူမ တွေဝေသွားလေသည်။

သူကြီးပြောပြသော အကြောင်းအရာမှာလည်း သူမအတွက် ဆီလျော်နေသောကြောင့် ဘယ်လိုလုပ်ရမှန်းမသိ ဖြစ်နေသည်။

"ဒီတစ်ညတော့ ပြန်လို့ရမယ့် နည်းလမ်းကို ကျွန်မ စဉ်းစားလိုက် ပါဦးမယ်"

()

www.burmeseclassic.com

www.burmeseclassic.com



(၁၂)

ညကမှောင်လာလေသည်။ အိပ်ယာက နိုးသောအခါတွင် သူရှေ့၌စားစရာမျိုးစုံရောက်နေသည်ကို တွေ့လိုက်ရလေသည်။

ဘယ်အချိန်ထဲက လာထားသွားမှန်းမသိချေ…။ ဗိုက်အနည်းငယ်ဆာလာသောကြောင့် သစ်သီးအချို့ကို ယူစားလိုက်သည်။

စားနေရင်းမှ အိမ်ရှေ့လမ်းမကို အကြည့်တစ်ချက်ရောက်သွားလေသည်။ လူအချို့က မီးတုတ်များနှင့် အခြားမီးတိုင်များကို ကိုင်ကာ သွားနေသည်ကို တွေ့ရလေသည်။

ရုတ်တရက် သတိရသွားမိလေသည်။

ဒီညသည် မိန်းမရှာရွာ၏ ပွဲတော်ညဖြစ်လေသည်။

ဘာပဲဖြစ်ဖြစ် လှေလာကြည့်ဦးမည်ဟု ဆုံးဖြတ်လိုက်သည်။ ထို့ပြင် ဒီရွာလေး၏ ထူးဆန်းနေမှုများကိုလည်း စိတ်ဝင်စားနေသည်။



ထိုစဉ် အိမ်အပေါ်ထပ်သို့ အမျိုးသမီးကြီးတစ်ဦး တက်လာ၏။ သူစိမ်းဆိုင်မှ အမျိုးသမီးကြီးဖြစ်သည်။

"နိုးပြီလား သမီး"

သူမခေါင်းငြိမ့်ပြလိုက်သည်။

ထို့နောက် အမျိုးသမီးကြီးသည် အိမ်အတွင်းရှိ ဆီမီးခွက်များ၊ ထွန်းလိုက်ရာ တစ်အိမ်လုံးလင်းထိန်သွားလေ၏။

"ဆီမီးခွက်တွေ အများကြီးပဲနော်"

"ဟုတ်တယ်၊ ဒီနေ့က ပွဲတော်စရက်လေ၊ ဒါကြောင့် အိမ်တိုင်းလင်းထိန်နေအောင် ထွန်းရတယ်"

"အခု ပွဲတော်က စနေပြီလား"

"အင်း…တော်တော်တော့စည်နေပြီ၊ ဆိုင်တွေလည်း စုံနေပြီ"

အဒေါ်ကြီးသည် တော်တော်လေးတော့ သဘောကောင်းပုံရသည်။

"အဒေါ်နာမည် ဘယ်လိုခေါ်လဲ"

"ဒေါ်ကြာစီလို့ခေါ်တယ်"

နာမည်က တစ်မျိုးလေးဆန်းနေပြန်၏။

"ဒါနဲ့ သမီးနာမည်ကရော"

အဒေါ်ကြီးက သူ့ခေ ၃င် ဝင်ထိုင်ရင်း သူ့နာမည်ကိုမေးသည်။

"ဇာယံလို့ ခေါ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"နာမည်လေးက ချစ်စရာလေးပဲ"

ဇာယံသည် သစ်သီးအချို့ကို ပန်းကန်ထဲသို့ ပြန်ချထားလိုက်၏။

"အဒေါ်ကို အဒေါ်…အဒေါ်လို့ ခေါ်ရတာထောက်တယ်‥ အန်တီကြာစီလို့ပဲ ခေါ်မယ်"

"ဘာလဲ…အန်တီ"

"သြော်…အဒေါ်နဲ့ အခေါ်အပြော အတူတူပါပဲ"

"ဒါဆိုလဲ ခေါ်ပါ"

"အန်တီကြာစီ…အခုပွဲတော်ကို မသွားဘူးလား"

"ခဏနေရင် သွားမှာ"

"သမီးလဲ လိုက်မယ်"

"လိုက်ခဲ့လေ"



ပွဲတော်သည် ဆီမီးများ၊ မီးတိုင်များဖြင့် ထိန်လင်းနေ၏။

လူမများသော်လည်း လူလည်း မနည်းလှချေ…။

ထူးခြားသည်မှာ ယောကျ်ားလေးပိုများခြင်းပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



(၁၃)

ပွဲတော်သို့ ဝင်ဝင်ချင်း ပထမဆုံးတွေ့ရသည့်ဆိုင်မှာ သူမစတွေ့ခဲ့သည့် စိတ်ပြေလက်ပျောက် ဆိုင်ကိုတွေ့ရသည်။

ထုံးစံအတိုင်း လူစည်ဆဲ၊ တဝါးဝါး တဟားဟားနှင့် ဖြစ်နေဆဲဖြစ်သည်။

"ဒီဆိုင်က လူစည်တယ်နော်"

"ဟုတ်တယ်၊ ရွာမှာက အထီးကျန်မှုတွေများတယ်လေ၊ ဒါကြောင့်ပေါ့"

ဆက်မမေးခင်မှာပဲ သူမစိတ်ဝင်စားဆုံးဆိုင်တစ်ဆိုင်ကို ရောက်လာလေသည်။

**ယောက်ျားများအတွက်**

**ဆန့်ကျင်ဘက်လိင်ဆိုင်**

ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါက ဘယ်လိုဆိုင်မျိုးလဲ၊ အန်တီကြာစိ"

ကောင်မလေးက စိတ်ဝင်တစားနှင့် မေးသည်။

ဒေါ်ကြာစိက ဘာမှပြန်မဖြေပဲ-

"ဝင်ကြည့်မလား သမီး"

ဟုဆိုသည်။

ယောက်ျားများအတွက်ဆို၍ အနည်းငယ်တော့ တုံ့ဆိုင်းနေ သည်။

"ဝင်ကြည့်လို့ရပါတယ်"

ဟု ဆိုလိုက်မှ ဝင်ကြည့်မယ် ဟုဆုံးဖြတ်လိုက်သည်။

ဆိုင်ထဲကိုဝင်ဝင်ချင်းပင် အလင်းမှိန်မှိန် အရသာကိုခံစားရသည်။

ယောက်ျားလေးများ အပြည့်ရှိနေပြီး သူ့အကန့်နှင့်သူ ရှိနေသည်ကိုတွေ့ရသည်။ တစ်ဦးတစ်ယောက်ချင်းစီ တိတ်ဆိတ်လျက် တစ်စုံတစ်ခုကို ခံစားနေကြပုံရသည်။

"ဘာလုပ်နေကြတာလဲ"

ကောင်မလေးက တိုးတိုးလေးမေးသည်။

အန်တီဒေါ်ကြာစိက သူမလက်ကိုကိုင်ကာ ဆိုင်ထဲမှထွက်လိုက်သည်။

"ဒီဆိုင်မှာ ရနိုင်တဲ့ဝန်ဆောင်မှုကတော့ မိန်းကလေးများရဲ့အသံနဲ့ ရည်းစားဖြစ်ခွင့်ကို အသံတုဆရာ (သို့) အသံသွင်းထားတဲ့ ကက်ဆက်နဲ့ ရည်းစားဖြစ်လို့ရတယ်၊ ပြီးတော့ မိန်းကလေး တွေပုံကိုလည်း ကြည့်ခွင့်ပေးထားတယ်၊ ဒါ့အပြင် ပုံပြောကောင်းတဲ့သူတစ်ဦးက အချစ်



ဇာတ်လမ်းလှလှလေးတွေကိုလည်း ပြောပြတတ်သေးတယ်၊ ပြောရရင် ဆန့်ကျင်ဘက်လိင်နှင့် မဆက်ဆံရတာကလွဲ၍ ဆန့်ကျင်ဘက်လိင်၏ ထိတွေ့ခံစားမှု အရသာအားလုံးကို ပြုလုပ်ပေးတဲ့ဆိုင်ပါ"

"အို"

ရင်ထဲတွင် တစ်မျိုးတမည်ခံစားသွားရသည်။

စိတ်လည်း ဝင်စားသွား၏။

ထို့ကြောင့်-

"သူတို့မှာ ရည်းစားမရှိလို့လား"

"မဟုတ်ပါဘူး"

"ဒါဆို ဘာဖြစ်လို့လဲ"

"သူတို့မှာ ရည်းစားဖြစ်စရာ မိန်းကလေးမရှိလို့ပါ"

"ဟင်"

()

www.burmeseclassic.com

www.burmeseclassic.com



(၁၄)

ဆက်လျှောက်လာရင်းနဲ့ ရှေ့တွင် 'နှစ်အနည်းငယ်အကြာတွင် တွေ့ရမည့် အိမ်သာ'ကို တွေ့ရပြန်၏။

ထို့ကြောင့် ခုနက မရှင်းသောစကားကို ထပ်ဆက်ရပြန်သည်။

"သူတို့မှာ ရည်းစားဖြစ်စရာ မိန်းကလေးမရှိလို့ပါဆိုတာ ဘာကိုပြောတာလဲ ဟင် အန်တီ"

"ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး"

ဟုဆိုပြီး ဒေါ်ကြာစိက သက်ပြင်းချလိုက်ပြန်သည်။

ထို့နောက် လမ်းတွင်လျှောက်သွားနေသော လူအနည်းငယ်ကို ပြလိုက်ပြီး-

"ဒီလူတွေကို ကြည့်ကြည့်စမ်း ဘာထူးခြားတာတွေ့လဲလို့"



အန်တီကြာစိကြည့်ခိုင်းသောကြောင့် သူမသည် ပွဲ တော်တွင် သွားလာနေသော သူများကိုကြည့်မိသည်။

ပထမတော့ ထူးခြားချက်ဟူ၍ သတိမထားမိချေ...။ ခဏ ကြာတော့မှ ထူးခြားချက်တစ်ခုကို သတိထားမိလာသည်။

မသေချာသောကြောင့် မဝံ့မရဲပြောမိသည်။

"ယောက်...ယောကျ်ားလေးတွေ များနေတယ်နော်"

"ဟုတ်တယ်၊ အန်တီတို့ရွာမှာက လူဦးရေငါးပုံပုံရင် လေးပုံက ယောကျ်ားလေးပဲ၊ မိန်းကလေးတစ်ပုံကလည်း အသက်ကြီးနေပြီဖြစ်တဲ့ အခြားရွာက မိန်းမပျိုတွေပဲ၊ အန်တီအပါအဝင်ပေါ့"

"ဘယ်လို"

ထူးထူးဆန်းဆန်းများကို ကြားလိုက်ရ၍ ကောင်မလေးမှာ တအံ့တသြဖြစ်နေသည်။

"ရွာရဲ့နာမည်ကိုက မိန်းမရှာရွာတဲ့၊ မိန်းမရှားတဲ့အတွက် အိမ်ထောင်ပြုတော့မယ်ဆိုရင် အခြားရွာမှာ မိန်းမသွားရှာရတယ်၊ ဒီအတွက် မိန်းမရှာရွာလို့ အမည်တွင်တာပဲကြည့်တော့"

"အို..."

()

www.burmeseclassic.com

www.burmeseclassic.com



(၁၅)

"အခြားရွာက သမီးပျိုတွေရဲ့မိဘတွေက အန်တီတို့ရွာက လူပျိုတွေနဲ့ သဘောမတူကြတာ နှစ်အတော်ကြာပြီ၊ ဒါ့ကြောင့် ရွာမှာ လူပျိုဦးရေများပြားလာတာပေါ့"

"မွေးတဲ့သူတိုင်းက ယောကျာ်းလေးချည်းပဲ မွေးတာပဲလား"

"အင်း...ဟုတ်တယ်"

ကောင်မလေးမှာ တွေဝေသွားလေသည်။

"ဒီအတိုင်းသာ ဆက်ဖြစ်နေမယ်ဆိုရင် နောင်နှစ်အနည်းငယ် ကြာရင် ဒီလိုဖြစ်သွားနိုင်တယ်ဆိုပြီး စိတ်ကူးယဉ်လုပ်ထားတာပဲ ကြည့်ပါတော့"

ဟုဆိုပြီး 'ကျား'နှစ်ခုရေးထားသော အိမ်သာကို ပြလေသည်။

ထိုအခါမှ သူမလည်း 'ကျား'နှစ်ခုရေးထားခြင်းကို သဘော ပေါက်သွားလေသည်။



တဆက်တည်းပင် ဒီရွာလေးကို စိတ်ဝင်စားလာလေသည်။ တစ်နေရာအရောက်တွင် စိတ်ဝင်စားဖွယ်ရာ စာတန်းနှင့် ဆိုင်ကိုတွေ့ ရပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောင်နှစ်အနည်းငယ်တွင် ပျက်သုန်းမည့်ရွာတွင် မိမိ၏ပုံရိပ်အား

ကျန်ခဲ့လိုပါသလား?

မှန်ဖြင့်ပုံတူ မှန်ရိပ်ဆွဲပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အပြင်ကနေ ဆိုင်ထဲကို ကြည့်လိုက်သောအခါတွင် ယောက်ျား လေးတော်တော်များများ မှန်ရိုပ်ဆွဲရန်အတွက် တန်းစီနေသည်ကို တွေ့ရသည်။

"ရွာမှာက ပန်းချီဆရာမရှိဘူးလေ…ဒီတော့ နောက်ပိုင်းမှာ အမှတ်တရဖြစ်စေဖို့ မှန်နဲ့ပုံရိပ်ဆွဲတာကို ဖန်တီးပေးတာပါ"

ကောင်မလေးမှာ တစ်ခုပြီးတစ်ခု အထူးအဆန်းဖြစ်နေသည်။

"ပြီးတော့ တစ်ရွာလုံးက ယုံကြည်ထားတာက များမကြာ မီနှစ်များမှာ ဒီရွာလေးက (ဒီအတိုင်းသာ ဆက်ဖြစ်နေမယ်ဆိုရင်) ပျက်စီးတော့မယ်ဆိုတဲ့ ယုံကြည်ချက်ပဲ၊ မျိုးပွားခြင်းမရှိ၊ ပျော်ရွှင်မှုမရှိ စသည်တို့ကြောင့်ပေါ့"

"ဟင်း"

သက်ပြင်းတစ်ချက်ချလိုက်သည်။

ထို့နောက်-

"ဘာကြောင့် ဒီလိုဖြစ်ရတာလဲ အဖြေမရှာကြဘူးလား"


"ဒီကိစ္စကြီးက ဘယ်သူမှလည်း မစဉ်းစားတတ်ဘူးလေ"

ဟုတ်တော့လည်း ဟုတ်သည်။ ဒီကိစ္စက ဘယ်ကအဖြေ စရှာရမှန်းမသိသည့် ကိစ္စဖြစ်သည်။

ဤသို့ဖြင့် မှန်ရိုပ်ဆိုင်ရှေ့မှ ဆက်လျှောက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



( မှန်ရိပ်ဆိုင်ရှိ မြင်ကွင်းပုံတူဖြစ်[illegible]ည် )

www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာအရောက်တွင် တစ်စုံတစ်ဦးက သူ့ကိုလိုက်ကြည့်နေသည်ဟု ခံစားလိုက်ရသည်။

နောက်လှည့်ကြည့်သောအခါတွင်လည်း မည်သူတစ်ဦးတစ်ယောက်မျှ မတွေ့ရချေ။ ပွဲတော်လာသူများကတော့ သူမကို သူစိမ်းတစ်ယောက်အနေနဲ့ မှတ်ဆက်ကြသည်။

အားလုံးမှာ ခင်မင်ဖွယ်ကောင်းလှ၏။ အန်တီကြာစိပြောသည့်အတိုင်းပင် ဒီရွာရှိ အမျိုးသမီးများမှာ အသက်အနည်းငယ်ကြီးနေပြီဖြစ်သည်။

ဆတ်ကနဲ လှည့်ကြည့်လိုက်သည်။

ကောင်လေးတစ်ယောက် သူ့ကို စူးစူးစိုက်စိုက်ကြည့်နေသည်ကို တွေ့လိုက်ရသည်။

( )

www.burmeseclassic.com

www.burmeseclassic.com



(၁၆)

တွေ့လိုက်ရသော ကောင်လေး၏အကြည့်မှာ ရည်းစားဖြစ်စရာ မိန်းမမရှိ၍ ရည်းစားဖြစ်ချင်သည့် အကြည့်မျိုးမဟုတ်ပဲ… တစ်မျိုးတမည်သစ်နေသည်။

စိုးရိမ်သည့်ဟန်ပန်များ ပါနေသည်ဟု သူမစိတ်ထဲ ခံစားနေမိသည်။ အန်တီကြာစိက လမ်းတွင်တွေ့ရသော ဦးလေးကြီးတစ်ဦးနှင့် စကားပြောနေလေသည်။

ကောင်လေးက သူ့ကိုတစ်စုံတစ်ခုလှမ်းလုပ်ပြ၏။

သူမ နားမလည်ချေ…။



ဤအချိန်တွင် အန်တီကြာစိမှ ပြန်လှည့်လာသောအခါတွင် ထိုကောင်လေးမှာ ပျောက်သွားလေသည်။

အန်တီကြာစိက သူမမျက်နှာအနေအထားကိုကြည့်ပြီး–

“ဘာဖြစ်လို့လဲ သမီး”

“ဟို…ဘာမှမဖြစ်ပါဘူး”

ဟုဆိုလိုက်ရသည်။

ကောင်လေးသည်လည်း ပျောက်ချင်းမလှ ပျောက်သွားလေ၏။ ရင်ထဲမှာတော့ မတင်မကျ ခံစားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



## ကံကြမ္မာဆိုင်

www.burmeseclassic.com

www.burmeseclassic.com



## (၁၇)

ပွဲတော်၏ အဓိကဆိုင်ဖြစ်ပြီး မြေကွက်လပ်တစ်ခုပေါ်တွင် သီးသန့်ဆောက်ထားသည့် ဆိုင်ဖြစ်သည်။ အခြားဆိုင်များထက်အနည်းငယ်ကြီးလေသည်။


သေချာစွာ ပြောရလျှင် ကွင်းပြင်အလယ်၌ လမ်းခင်းကျောက်ပြားလေးထောင့်ပုံစံ အပြားများခင်းထား၏။

လေးထောင့်ပုံစံအပြားများအဆုံးတွင် ဆိုင်ရှိပြီး ဆိုင်ရှေ့ခပ်လှမ်းလှမ်းတွင် ကျောက်ဖြင့် ပြုလုပ်ထားသော ခပ်မြင့်မြင့်အရာတစ်ခုရှိ၏။

ဆိုင်၏တံခါးမှာလဲ ပိတ်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





"ဒါက ဘာလုပ်ရတာလဲ"

ဇာယံက အန်တီကြာစိကို မေးလိုက်သည်။

"ဒီပွဲတော်ရဲ့ အဓိကနေရာလေ"

လူများမှာ ကွင်းပြင်ထဲတွင် တဖြည်းဖြည်းနဲ့များလာလေ၏။

ထိုအချိန်တွင် သူကြီးက ဇာယံကို လာနှုတ်ဆက်၏။

"သမီးလဲ ဦးတို့ပွဲတော်ကို ဝင်နွှဲမလို့လား"

သူမ ဘာမှမပြောပဲ ပြုံးရုံသာပြုံးပြလိုက်သည်။

သူကြီးထွက်သွားသောအခါတွင် သူမကို ရွာသူရွာသားများက တစ်ဦးချင်းစီ လာနှုတ်ဆက်ကြ၏။

ဤသို့ဖြင့် ကွင်းပြင်၏ ကံကြမ္မာဆိုင် ဘေးပတ်ပတ်လည်တွင် လူများတဖြည်းဖြည်းများလာလေ၏။

"ဘယ်အချိန်စမှာလဲ၊ ပြီးတော့…ဒီဆိုင်က ဘယ်လိုလုပ်မှာလဲ"

"ခဏနေရင် စတော့မှာ၊ ဟိုက ကံကြမ္မာဖတ်ပွဲရဲ့နာရီကို ကြည့်လေ၊ သတ်မှတ်ထားတဲ့ နာရီပြည့်ရင်စပြီ၊ စတာနဲ့ သူကြီးက ဒီပွဲနဲ့ ဆိုင်တာတွေကို အားလုံးသိအောင် ထပ်ပြောလိမ့်မယ်"

အန်တီကြာစိ ညွှန်ပြသောနေရာသို့ ကြည့်လိုက်မိသည်။

ကံကြမ္မာဆိုင်ရဲ့ထိပ်နားတွင် တပ်ထားသော နာရီဖြစ်သည်။ အံ့သြသွားလေသည်။ မည်သို့ဆိုသော် နာရီသည်တစ်မျိုးဖြစ်နေသော ကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com




"နာရီကြီးက ဘယ်လိုကြီးလဲ"

"ကံကြမ္မာနာရီလေ၊ မှန်နဲ့ကြည့်မှ အချိန်မှန် တွေ့ရမှာ၊ ကံကြမ္မာကို လှည့်စားထားတဲ့သဘောပေါ့"

အန်တီကြာစီပြောမှပဲ နာရီကိုကြည့်မိပြီး

"ဟုတ်သားပဲ"

ဟု ရေရွတ်မိသည်။



မှန်ထဲတွင်ကြည့်မှသာ အချိန်မှန်သိနိုင်သည့် မှန်နာရီပုံ

www.burmeseclassic.com

www.burmeseclassic.com



## (၁၈)

ထိုစဉ် ဇာယံသည် ခုနကကောင်လေးကို ဖြတ်ခနဲ လှမ်းတွေ့လိုက်ရပြန်၏။ ကောင်လေးသည် လူအုပ်ကြားထဲမှ တစ်ဆင့် သူ့ဆီသို့ လာနေသည်ကို တွေ့ရလေသည်။

အန်တီကြာစိက ဘေးနားက လူတစ်ယောက်နှင့် စကားပြောနေလေသည်။ သူမတစ်ကိုယ်လုံးတောင့်တင်းသွားသည်။

မည်သို့ဆိုသော် ကောင်လေးသည် သူ့ဘေးနားတွင် ရုတ်တရက်ရပ်လိုက်ပြီး မည်သူမှမမြင်ခင် သူ့လက်ထဲသို့ တစ်စုံတစ်ခုလှမ်းထည့်လိုက်လေ၏။

အခြားလူများ မမြင်စေချင်သည့် ပုံစံကြောင့် သူမလည်း ထည့်ပေးလိုက်သောအရာကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်သည်။ စာရွက်တစ်ရွက်မှန်း ခံစားမိလိုက်သည်။

ဘေးကိုကြည့်လိုက်သောအခါတွင် ထိုကောင်လေးမရှိတော့သည်ကို တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပတ်ပတ်လည်သို့ ထပ်ကြည့်ပြန်သော်လည်း ထိုကောင်လေး၏ အရိပ်အယောင်ပင် မတွေ့ရတော့ချေ…။

အန်တီကြာစိကတော့ ထိုအဖြစ်ကို သတိမထားမိပဲ စကားကောင်းနေလေ၏။ ဇာယံသည် လက်ထဲကစာရွက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး ခပ်လှမ်းလှမ်းသို့ လျှောက်သွားကာ ဖွင့်ကြည့်မိသည်။

"ဟင်"

စာရွက်ပေါ်တွင် စာအချို့ရေးထားသည်ကို တွေ့ရလေသည်။

**ကံကြမ္မာဖတ်ပွဲကို ဝင်မနွှဲပါနဲ့။ အားလုံးက လိမ်ထားတာတွေချည်းပဲ။ စိုးရိမ်လို့ပြောတာပါ။**

"ဘာတွေဖတ်နေတာလဲ"

အန်တီကြာစိ မေးလိုက်သောကြောင့် ဇာယံမှာလန့်သွားပြီး–

"ဘာမှမဟုတ်ပါဘူး"

ဟုဖြေလိုက်ရလေသည်။

ဒေါ်ကြာစိလည်း ဘာမှမပြောတော့ပဲ ပွဲတော်သို့သာ စိတ်ပြန်ရောက်သွားသည်။

စာကို ဆက်မဖတ်တော့ဘဲ မည်သူမျှမမြင်အောင် သိမ်းထားလိုက်သည်။



ဘာအဓိပ္ပာယ်နဲ့ ဒီစာကိုပေးရတာလဲ။ စိုးရိမ်တယ်ဆိုတော့ သူမအတွက် ဘာအန္တရာယ်ရှိလို့လဲ။

အတွေးတို့ရှုပ်ထွေးသွားပြီးနောက် ဒီရွာလေးကို စိတ်ဝင်စားခြင်း၊ ထိတ်လန့်ခြင်းများနှင့် ရောထွေးသွားလေတော့သည်။

ထိုအချိန်တွင် နာရီမြည်သံတစ်ချက်ကြားလိုက်ရပြီး သူကြီး၏ အသံကိုလည်း ကြားလိုက်ရလေသည်။

()

www.burmeseclassic.com

www.burmeseclassic.com



## (၁၉)

"ကံကြမ္မာဆိုင်ဖွင့်ပွဲ ရောက်ပါပြီခင်ဗျာ"

သူကြီး၏အော်သံကြောင့် အားလုံးမှာ 'ဟေး'ဟု လိုက်အော်လိုက်ကြလေ၏။

အားလုံးအော်လိုက်သော အသံကြောင့် ဇာယံသည်လည်း ပျော်ရွှင်သွားလေသည်။ သူကြီးသည် စာရွက်တစ်ရွက်ကို ထုတ်ကာ-

"အခု ဒီပွဲတော်ရဲ့အဓိကဖြစ်တဲ့ ကံကြမ္မာဆိုင်ဖွင့်ပွဲကို ကျင်းပပါမယ်၊ တစ်ရွာလုံးသိပြီးဖြစ်ပေမယ့် တစ်ချို့မသိသေးတဲ့ လူတွေအတွက်လည်း ကံကြမ္မာဆိုင်တံခါး ဖွင့်ပွဲကို ရှင်းပြပါမယ်"

အားလုံးငြိမ်သက်သွားလေသည်။

ဇာယံသည်လည်း စိတ်ဝင်တစားနှင့်နားထောင်နေလေသည်။

"ပထမဦးဆုံး ဒီမှာရှိတဲ့ လူတွေက မဲလိပ်တစ်ခုစီနှိုက်ပေးရပါမယ်၊ ဂဏန်းနံပါတ်လေးတွေပါတဲ့ မဲလိပ်တွေပါ၊ ကဲ…မဲလိပ်အရင်နှိုက်ပါမယ်"



သူကြီးဘေးနားတွင်ရှိသော သူကြီးတပည့် ဖြစ်ပုံရသည့်သူက အိတ်တစ်အိတ် ကိုင်ပြီး တစ်ယောက်ချင်းစီ လိုက်နှိုက်ခိုင်း၏။

ဇာယံရှေ့ရောက်သောအခါတွင် သူမလည်း မဲလိပ်တစ်ခုနှိုက်လိုက်၏။ နံပါတ်ငါးဖြစ်နေသည်ကို တွေ့ရ၏။

မဲလိပ်နှိုက်ပြီးသောအခါတွင် သူကြီးက စကားဆက်ပြန်၏။

"ကဲ…အခုမဲလိပ်လေးတွေနဲ့ ဂဏန်းကို ရွေးချယ်ပြီးပါပြီ"

သူကြီးက စကားကိုခဏရပ်ပြီး အားလုံးကိုတစ်ချက်ကြည့်၏။

"နောက်တစ်ခုအနေနဲ့ အုတ်ခုံပေါ်မှာ မီးဖိုလုပ်လိုက်ပါမယ်"

ဟုဆိုပြီး ကံကြမ္မာဆိုင်ရှေ့တွင်ရှိသည့် အုတ်ခုံပေါ်တွင် မီးဖိုလိုက်လေ၏။

မီးများတောက်သွားလေသည်။

အားလုံးက တိတ်ဆိတ်နေလေသည်။

ဇာယံလည်း ကံကြမ္မာဆိုင်တံခါးဖွင့်ပွဲကို စိတ်ဝင်စားလာလေသည်။

"မီးဖိုပြီးသွားပြီဆိုတော့ မီးဖိုရဲ့ရှေ့မှာ ခွက်လေးခွက်ချပေးပါမယ်၊ အဲ့ဒီခွက်လေးခွက်ထဲမှာ မီးလောင်စေတဲ့ အမွှေးနံ့သာတစ်မျိုးစီကို ထည့်ထားပါတယ်။ ပြီးတော့ မဲလိပ်နံပါတ်(၁)ကျတဲ့သူက မိမိကြိုက်နှစ် သက်ရာခွက်လေးခွက်ထဲမှ အမွှေးနံ့သာကို မီးဖိုထဲထည့်ရပါမယ်၊ တစ်ယောက်ပြီးတစ်ယောက် ထည့်သွားရပါမယ်၊ ဥပမာ-မဲနံပါတ် ၁ ကနေ ရှေ့ထွက်ပြီး ခွက်လေးခွက်ထဲက တစ်ခွက်ထဲရှိ အမွှေးနံ့သာကို ယူပြီး မီးထဲထည့်မယ်၊ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



တံခါးကိုကြည့်မယ်၊ မပွင့်လာဘူးဆိုရင် မဲလိပ်နံပါတ် (၂)ကျတဲ့လူက အမွေးနံ့သာဆက်ထည့်ပါမယ်၊ အဲ့ဒီလိုနည်းနဲ့ တံခါး ပွင့်တဲ့အထိ တစ်ဦးချင်းစီထည့်သွားရပါမယ်''

''ဟင်...''

နည်းနည်းတော့ အံ့သြသွားသည်။ ကံကြမ္မာဆိုင်ထဲမှာ တစ်ဦးတစ်ယောက်မှလည်းမရှိ...။ ပြီးနောက် ဆိုင်ရှေ့ခပ်လှမ်းလှမ်းရှိမီးဖိုထဲက မီးလောင်စေနိုင်သော အမွေးနံ့သာထည့်ရုံနဲ့ တံခါးက ပွင့်သွားပါ့မလား...။

သူမအတွေးတို့ ရှုပ်ထွေးသွားသည်။

သူကြီးကတော့ ဆက်ပြောနေလေသည်။

''တစ်ဦးတစ်ယောက်ထည့်လိုက်တဲ့အချိန်မှာ တံခါးကပွင့်သွားမယ်ဆိုပါစို့၊ အဲ့ဒီလူဟာ ဒီနှစ်အတွက် ကျုပ်တို့ရွာရဲ့ ကံကောင်းမယ့်သူတစ်ဦးအဖြစ်တစ်ရွာလုံးက သတ်မှတ်ကြပါမယ်၊ ကဲ...စပါမယ်''

''ဟေး''

အားလုံးက အော်လိုက်ပြီးနောက် မဲနံပါတ်(၁) သည် မီးတောက်နေသော မီးဖိုရှေ့သို့ ထွက်လာလေ၏။

ယောကျ်ားတစ်ယောက်ဖြစ်လေသည်။

ခွက်လေးခွက်ထဲမှ တစ်ခွက်ကိုနှိုက်လိုက်၏။ ထို့နောက် မီးဖိုထဲထည့်လိုက်သည်။

အားလုံးက စိတ်ဝင်တစားနှင့် ကြည့်လိုက်၏။

တံခါးပွင့်မလာချေ...။



ဤသို့ဖြင့် မဲနံပါတ်(၂)ရှေ့ထွက်လာပြန်သည်။

အမျိုးသမီးကြီးတစ်ယောက် ဖြစ်သည်။

ဇာယံက သူ့လက်ထဲမှ မဲလိပ်ကို သေချာအောင် ထပ်ကြည့်၏။

တံခါးပွင့်မလာချေ...။

ယောကျ်ားတစ်ယောက် ထွက်လာပြန်သည်။ နံပါတ်(၃)ဖြစ်ပုံရသည်။

သူလည်းပဲ မီးဖိုထဲသို့ အမွေးနံ့သာထည့်လိုက်ပြန်၏။

တံခါးကို စိုက်ကြည့်လိုက်ကြသည်။

ပိတ်မြဲအတိုင်း ပိတ်နေပြန်သည်။

နံပါတ်(၄)လည်း ယောကျ်ားတစ်ယောက်ပဲ ဖြစ်နေသည်။

အမွေးနံ့သာထည့်လိုက်သည်။

''ဟာ''

တံခါးအနည်းငယ်လှုပ်သွားသည်ကို တွေ့ရလေသည်။

သို့သော် တံခါးပွင့်မလာချေ...။

''နံပါတ်ငါး''

သူကြီး၏တပည့်က လှမ်းခေါ်လေသည်။

ဇာယံသည် မဲလိပ်လေးကို ကိုင်ပြီး ရှေ့သို့ထွက်လိုက်လေသည်။

()

www.burmeseclassic.com

www.burmeseclassic.com



(၂၀)

ခွက်လေးခွက်ကို ကြည့်လိုက်သည်။ အရောင်တစ်မျိုးစီရှိသော အမွှေးနံ့သာလေးမျိုး ဖြစ်နေလေသည်။

အားလုံးမှာ တိတ်ဆိတ်နေပြီး မီးဖိုကထွက်သော အသံတစ်မျိုးနှင့် အပူလှိုင်းတစ်ချို့ကိုသာ ခံစားလိုက်ရသည်။

ခွက်တစ်ခွက်ထဲကို လက်နှိုက်လိုက်၏။ ထို့နောက် မီးဖိုထဲ ပစ်ထည့်လိုက်သည်။

"ရှဲ"

ဟူသော အသံနှင့်အတူ အမွှေးနံ့များ ပျံ့တက်လာ၏။

တံခါးအနည်းငယ်လှုပ်သွားသည်ကို တွေ့ရလေသည်။

"အို"

အားလုံး၏ အာမေဋိတ်သံများကို ကြားလိုက်ရသည်။



တံခါးသည် ဆက်လှုပ်နေ၏။

"ကျွိ"

"ဟင်"

ဇာယံသည် ထိတ်လန့်သွားလေသည်။

တံခါးသည် အံ့သြစွာနှင့် ဖြည်းဖြည်းချင်း ပွင့်သွားလေ၏။ လေတိုက်ပြီးပွင့်သွားတာလား…။ မဖြစ်နိုင်…။ အခုအချိန်မှာ တံခါး တစ်ချပ်ပွင့်နိုင်တဲ့ လေတိုက်နှုန်းမရှိချေ…။

"ဟေး"

အားလုံး၏အော်သံကြောင့် အသိတစ်ချက် ဝင်လာလေသည်။ ထိုစဉ်-

"ဝင်ပါ"

"ဝင်ပါ"

"ဝင်ပါ"

"ဝင်ပါ"

"ဝင်ပါ"

"ဝင်ပါ"

လက်ခုပ်တီးပြီး ဝိုင်းအော်ကြလေ၏။

ပတ်ဝန်းကျင်သို့ ကြည့်လိုက်သောအခါတွင် အားလုံးက စိတ်အားထက်သန်စွာဖြင့် အားပေးပြီး ကံကြမ္မာဆိုင်ထဲသို့ ဝင်ရန်အတွက် အော်ပြောနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝင်ပါ"

"ဝင်ပါ"

"ဝင်ပါ"

ဘာလုပ်လို့ လုပ်ရမှန်းမသိတော့ချေ…။

တစ်ညီတစ်ညွတ်တည်း ထွက်နေသောအသံများကြောင့် ဇာယံသည် ကြောင်တောင်တောင် ဖြစ်သွားလေ၏။

ပွင့်သွားသောတံခါးကိုပဲ စိုက်ကြည့်နေမိ၏။ အထဲတွင် အလင်းရောင်အနည်းငယ်ရှိနေသည်။

"ဝင်ပါ"

"ဝင်ပါ"

"ဝင်ပါ"

"ဝင်ပါ"

အသိစိတ်မဲ့သလို ဖြစ်သွားကာ ကံကြမ္မာဆိုင်ထဲသို့လည်း ဝင်ကြည့်ချင်သွား၏။

အားလုံးကလည်း လက်ခုပ်တီးကာ အဆက်မပြတ်အော်နေလေသည်။

"ဝင်ပါ"

"ဝင်ပါ"

"ဝင်ပါ"

ခြေလှမ်းတစ်လှမ်းလှမ်းလိုက်၏။ လေးထောင့်အဝိုင်းပြား တစ်ခုကို စနင်းမိသည်။



ခဏကြာသောအချိန်တွင် ကံကြမ္မာဆိုင်ရှေ့တံခါးနားတွင် ရပ်လိုက်သည်။

"ဟေး"

အားလုံး၏အော်သံကြောင့် ကြက်သီးပင်ထသွားလေသည်။

ဆိုင်ထဲသို့ ဝင်လိုက်သည်။

"ဂျိမ်း"

"ဟင်"

သူဝင်ဝင်ပြီးချင်းပင် တံခါးပြန်ပိတ်သွားလေသည်။

()

www.burmeseclassic.com

www.burmeseclassic.com



(၂၁)

အခန်းထဲတွင် မီးတုတ်နှစ်ခု၏ အလင်းရောင်ကြောင့် အနည်းငယ်လင်းနေ၏။

အခန်းသည် အတန်အသင့် ကျယ်ဝန်းသည်။

သူ ဘာလုပ်ရမှာလဲ…။ အခန်းထဲမှာ ဘာတွေရှိလဲ။

ပိတ်သွားသော တံခါးကို ဆွဲဖွင့်ကြည့်မိသည်။ မပွင့်လာချေ..။ တိတ်ဆိတ်မှုကသာ ကြီးစိုးနေသည်။

အပြင်က အော်သံများကလည်း တိတ်ဆိတ်သွား၏။ သူမအသက်ရှူသံမှလွဲ၍ ဘာမှမကြားရချေ…။

အခန်းသည် ချောက်ချားစရာကောင်းလာ၏။

"သူကြီး"



ပဲ့ကင်ထပ်သံအချို့ ပြန်ထွက်လာ၏။ အပြင်က လှမ်းထူးသံများလည်း မကြားရတော့ချေ။

အခန်းသည် အလုံပိတ်အခန်းမျိုးဖြစ်လေသည်။

ထိုစဉ်ခပ်မှိန်မှိန်အလင်းရောင်အောက်တွင် နံရံရှိအရာများကို သတိ ထားမိသွားသည်။

ထို့ကြောင့်နံရံတစ်ဖက်ရှိ မီးတိုင်ကို ဖြုတ်လိုက်သည်။

မီးတိုင်နှစ်ချောင်း၏ အလင်းရောင်ဖြင့် နံရံက အရာများကို ကြည့်လိုက်လေသည်။

"ဟင်…စာရေးထားတာပါလား"

www.burmeseclassic.com

www.burmeseclassic.com



## မိန်းမရွာရွာပုံပြင်

တစ်ခါတုန်းက ယောက်ျားလေးပဲ မွေးဖွားတဲ့ ရွာလေးတစ်ရွာ ရှိသည်။ ရွာမှာ မိန်းကလေးမမွေးဖွားခြင်းဟာ အတော်အတန် ကြာပြီ ဟု ရွာရဲ့ အသက်အကြီးဆုံးလူကြီးက ပြောလေ့ရှိသည်။

ထို့ကြောင့် ရွာတွင် ကျား၊ မ အချိုးမညီမှုများ ဖြစ်ပြီး ကျားများ သာ ရှိနေသည်မှာ နှစ်ပေါင်းအတော်ကြာပြီ ဖြစ်သည်။

အရွယ်ရောက်တဲ့ လူပျိုတွေဟာ အခြားရွာမှာ အိမ်ထောင် ဘက် သွားရှာရသည်။ ကြာလာတော့ အခြားရွာက လူကြီးများ နဲ့ ယောက်ျားလေးများက ငြိုငြင်လာကာ အိမ်ထောင်ဘက် ရှာခွင့်မပေးတော့ချေ…။

ဤသို့ဖြင့် ဆန့်ကျင်ဘက်လိင်နှင့် မထိတွေ့ရသော အရွယ် ရောက်သူများသည် အထီးကျန်ဆန်ခြင်း၊ အရက်သောက်များလာ ခြင်း၊ စိတ်ဓာတ်ကျခြင်းနှင့် အခြားလူမှုရေးပြဿနာများ ဖြစ် လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် အိမ်ထောင်ဖက်များရှာဖွေလို့ မရသောအခါတွင် မျိုးဆက် ပြန့်ပွားမှုလည်း မရှိတော့ချေ…။

မကြာတော့မည့်နှစ်များအတွင်းတွင် ထိုရွာလေး၌ ယောကျ်ားလေးများပဲ ကျန်တော့မည့် အခြေအနေဖြစ်ကာ တချို့လည်း အထီးကျန်ဆန်၍ အခြားရွာပြောင်း၊ တချို့လည်း ရွာတွင် အသက်ကြီးပြီး သူတို့၏ဘဝကို ကုန်ဆုံးကြရလိမ့်မည်။

ရွာလည်းပျက်သုဉ်းသွားပေလိမ့်မည်။



"ဟင်း"

သက်ပြင်းသဲ့သဲ့ချလိုက်လေသည်။

တချို့အကြောင်းအရာများသည် သူမသိပြီးသားဖြစ်ပြီး၊ တချို့က သူမ မသိသော ကိစ္စများဖြစ်သည်။

စိတ်ဝင်စားစွာဖြင့် ကျန်တဲ့စာများကို ဆက်ဖတ်နေမိသည်။

"ဟင်"

နောက်စာများကြောင့် ဇာယံ၏ တစ်ကိုယ်လုံးသည် တုန်လှုပ်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဖြင့် ရွာ၏အခက်အခဲ (ယောက်ျားလေးများသာ မွေးဖွားခြင်းနှင့် အိမ်ထောင်ဖက်ရှာဖွေရန် ခက်ခဲခြင်း)ကို ပြေလည်စေရန်အတွက် ရွာ နှင့် အတော်အတန်ဝေးသော ရွာရှိနတ်ဆရာထံ၌ အခက်အခဲ အား ဖြေရှင်းရန်အတွက် အကူအညီတောင်းခံခဲ့ကြသည်။

သူက အကြံဉာဏ်တစ်ခုပေးခဲ့သည်။

ထိုအကြံဉာဏ်မှာ-

ဒီဇင်ဘာ ၂၉ ရက်နေ့တွင် ရွာရှိကိုယ်ဝန်သည်များမှ မိန်းကလေးမွေးဖွားမည်ဆိုပါက ထိုမိန်းကလေးသည် ရွာ၏ အခက်အခဲကို ဖြေရှင်းပေးလိမ့်မည်။

ထိုသို့မမွေးဖွားခဲ့ပါက……

ဒီဇင်ဘာ ၂၉ ရက်နေ့တွင် သူစိမ်းမိန်းကလေး တစ်ယောက် ရွာသို့ရောက်ရှိလာလိမ့်မည်။ ထိုမိန်းကလေးသည် ရွာ၏ လူပျိုတစ်ဦးဦးကို လက်ထပ်မည်ဆိုပါက ရွာ၏အခက်အခဲ ပြေလည်ပေလိမ့်မည်။

ထိုနေ့ ဒီဇင်ဘာ ၂၉ ရက်နေ့တွင် ထိုရွာလေး၌ မိန်းကလေး မမွေးဖွားခဲ့ပါ။



(၂၂)

စာဆုံးအောင်•ဖတ်ပြီးသောအခါတွင် ဇာယံသည် မီးတုတ်ကြီး ကိုင်လျှက် ကြက်သေသေနေ၏။

ထိုပုံပြင်ထဲ၌ပါသော သူစိမ်းမိန်းကလေးမှာ…

သူစိမ်းမိန်းကလေးမှာ…

ဦးနှောက်ထုပူသွားသည်။

နတ်ဆရာစကားက ထိုရွာလေး၏ အဖြစ်အပျက်ကိုအပြောင်း အလဲဖြစ်အောင် မှန်နိုင်ပါ့ မလား။ ဒါမဖြစ်နိုင်။ သူမလည်း ဒီရွာက လူတစ်ယောက်ကို မည်သည့် နည်းနဲ့မှ ရွေးချယ်ပြီးလက်မထပ်နိုင်။

ဒီအခန်းထဲကို သူတို့က ဘာအဓိပ္ပာယ်နဲ့ ပို့လိုက်ကြတာလဲ။

သူမကိုအကျပ်ကိုင်ချင်လို့လား။

သူမကရော ရွာသားတစ်ယောက်ကို လက်မထပ်ခဲ့ဘူးဆိုရင် တစ်ရွာလုံးက သူမကိုဘာလုပ်ကြမှာလဲ။

www.burmeseclassic.com

www.burmeseclassic.com



သူမမှာလည်း လက်ထပ်ဖို့ စီစဉ်ထားတဲ့ လူတစ်ယောက်ကလည်း ရှိနေသေးသည်။

မည်သည့်နည်းနဲ့မှ ဒီရွာကလူတစ်ယောက်ကို လက်ထပ်လို့ မဖြစ်…။ တွေးရင်းတွေးရင်းနဲ့ ကြောက်လန့်လာလေသည်။

ထိုစဉ် အတွေးထဲတွင် ဖျတ်ကနဲဆိုသလိုပင် ကောင်လေး တစ်ယောက်၏ မျက်နှာပေါ်လာ၏။

အိတ်ကပ်ထဲမှ ဆက်မဖတ်ရသေးသော စာကိုသတိရမိသွား သည်။ အပြင်မှာလည်း အပ်သံမကြားလောက်အောင် တိတ်ဆိတ်နေ လေသည်။

အိတ်ထဲမှစာကို ကမန်းကတန်းဖွင့်ကာ ဆက်ဖတ်လိုက်သည်။



ကံကြမ္မာဖတ်ပွဲကို ဝင်မနွှဲပါနဲ့။
အားလုံးကလိမ်ထားတာတွေချည်းပဲ။
စိုးရိမ်လို့ပြောတာပါ။ ကျွန်တော်ပြောတာကို
မယုံမကြည်ဖြစ်နေလိမ့်မယ်။ အကယ်၍များ
ကံကြမ္မာဖတ်ပွဲမှာ မဲနှိုက်ခဲ့ရင်
ခင်ဗျားနံပါတ် (၅) ကျအောင်
သူတို့ဖန်တီးထားကြတယ်။ ပြီးတော့ ကံကြမ္မာဆိုင်
တံခါးဆိုတာလည်း လျှို့ဝှက်ချက်တစ်ခုနဲ့
အားလုံးစီစဉ်ထားတာပါ။ နမူနာပုံကိုကြည့်ကြည့်ပါ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





မီးဖိုရဲ့အပူကြောင့် အုတ်ခုံအတွင်းခေါင်းရှိ လေတွေဟာ ပူနွေးသွားပြီး လေးထောင့်ပြားအောက်ဘက်တွင် လျှို့ဝှက်ထားသောရေကို ဖိအားပေးသလိုဖြစ်သွားပြီး ရေများဟာ ရေပုံးအတွင်းကိုဝင်ကာ ကြိုးဆွဲခြင်းဖြင့် တံခါးပွင့်စေမှာဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အို..."

ပုံများကြည့်ပြီး မျက်လုံးဝိုင်းသွားသည်။

စာများကို ဆက်ဖတ်မိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့က သင့်ကို ရွာရှိလူပျိုတစ်ဦးတစ်ယောက်အား ရွေးချယ်ရန် တစ်နည်းတစ်လမ်းဖြင့် တောင်းဆိုပေလိမ့်မည်။ သင်လက်မခံပါက တံခါးဖွင့်ပေးမည် မဟုတ်ပါ။

စာကိုကိုင်ထားသောလက်သည် တဆတ်ဆတ်တုန်နေကြောင်း သတိထားမိသွားသည်။ ဘယ်လိုလုပ်မလဲ။

ရွာသားတစ်ယောက်ကို မဖြစ်မနေလက်ထပ်ရမည်လား။ စာကို ဆက်ဖတ်မိသည်။

ကျွန်တော်လည်း ဒီရွာရှိ လူပျိုရွာသားတစ်ဦးပါ။ သင်ရွေး ချယ်မည့်ဆိုပါက ကျွန်တော်လည်း ပါဝင်ပေလိမ့်မည်။

ပထမတုန်းကတော့ ရွာသားအားလုံးနှင့် တက်တက်ကြွကြွပါဝင်ခဲ့သည်။ သို့သော် မိန်းကလေး ရောက်လာသောအခါတွင် ထိုအကျပ်ကိုင်မည့်အထဲတွင် ကျွန်တော်မပါဝင်ချင်တော့ပါ။

ကျွန်တော်တို့ ရွာပျက်စီးချင်လည်း ပျက်စီးပါစေ။ မိန်းကလေး၏အလှသည် ရွာသူရွာသားများနှင့် မထိုက်တန်ပါ။ ဒါ့ကြောင့် ဒီရွာက ထွက်သွားနိုင်ရန် ကျွန်တော် ကူညီပါမည်။



စာကို ဖတ်ရင်းမှ ရပ်ထားလိုက်ပြန်သည်။

ထိုစာလာပေးသော ကောင်လေးကိုလည်း ဘယ်လောက် ထိယုံရပါ့မလဲ။

ဒီစာရော ဒီရွာကလုပ်ထားတာ မဖြစ်နိုင်ဘူးလား။

သို့သော် ကောင်လေး၏မျက်နှာကို ပြန်မြင်ယောင်မိသည်။

စိတ်ထဲတွင် ရိုးသားသည်ဟုလည်း ထင်နေမိသည်။

စာကိုဆုံးအောင်ဖတ်လိုက်သောအခါ နောက်ဆုံးတွင် အကြံဉာဏ်ပေးထားသော စာတန်းတစ်ခုသာ ရေးထားလေတော့ သည်။

ရွာသားများကို အကြောင်းအရာတစ်ခုခုနဲ့ အချိန်ဆွဲထားသင့်သည်။

သူ့အကြံဉာဏ်က ရိုးရှင်းသည်။

သူမဘာလုပ်ရမလဲ?

ဒီအခန်းထဲမှာပဲ နေတော့မလား။ ရွာသူရွာသားများက သူမကိုတကယ်ပဲ ရက်စက်တော့မှာလား။

အဖေ၊ အမေနှင့် သူလက်ထပ်ရတော့မည့် သတို့သား လောင်းကိုလည်း မြင်ယောင်လာမိသည်။

ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်···။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် အပြင်ဘက်မှ တံခါးအောက်သို့ သွင်းလိုက်သော စာလေးတစ် စောင်ဝင်လာ၏။

ခပ်သွက်သွက်ကောက်ယူကာ ဖတ်ကြည့်လိုက်သည်။



မလုပ်သင့်မှန်း သိပေမယ့်
မတတ်နိုင်လို့ ဒီလိုလုပ်ရတာပါ။
ခွင့်လွှတ်ပါ။
ကျုပ်တို့ လူမျိုးရှာသားတစ်ဦးနဲ့
ရွေးချယ်လက်ထပ်ပေးပါ။

ရှာသားများ

www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ ကောင်လေး၏ စာထဲက အကြံဉာဏ်ကိုယူရန် ဆုံးဖြတ်လိုက်သည်။

သူအချိန်ဆွဲထားရမည်။

"သူကြီး...ကျွန်မစဉ်းစားလို့ရပြီ တံခါးဖွင့်ပေးပါဦး"

ပွဲတင်သံများ ထပ်သွားလေသည်။

"သူကြီး...ကျွန်မစဉ်းစားလို့ရပြီ တံခါးဖွင့်ပေးပါဦး"

"သူကြီး...ကျွန်မစဉ်းစားလို့ရပြီ တံခါးဖွင့်ပေးပါဦး"

ပွဲတင်သံများရပ်သွားသောအခါတွင် -

"ကျွီ"

တံခါးပွင့်သွားလေ၏။

()

www.burmeseclassic.com

www.burmeseclassic.com



(၂၃)

ရွာသူရွာသားများက သူမ ကိုဝိုင်းကြည့်နေကြလေသည်။ တံခါးနားတွင် မတ်တပ်ရပ်ကာ အားလုံးကို တစ်ချက်ကြည့်လိုက်၏။

အခြေအနေသည် ခြားနားသွားပြီဖြစ်သည်။

သူမ ဘာလုပ်ရမလဲ?

ထိုစဉ် သူကြီး၏ တပည့်သည် စာရွက်လေးတစ်ရွက် လာပေးပြန်၏။ စာရွက်ကို ကြည့်မိပြန်သည်။

လူပျိုစာရင်းဟု ခေါင်းစဉ်တပ်ထားသည့်နာမည်စာရင်း တစ်ခု ဖြစ်နေသည်။

လူပျိုများမှာ အတော်များပြားလေသည်။

သူရွေးချယ်ရမည့်သူစာရင်းဟု ဆိုလိုပုံရသည်။



"သူကြီး"

"ပြောပါ သမီး"

"ကျွန်မက ဒီအထဲက လူပျိုတစ်ယောက်ကို ရွေးချယ်ရမှာ လား"

သူကြီးက ခေါင်းညိတ်ပြသည်။

"ကျွန်မက ဘယ်လိုရွေးရမှာလဲ"

"ဒါကတော့ သမီးစိတ်တိုင်းကျပါ"

သူမအနည်းငယ် စဉ်းစားသွားရသည်။

မဖြစ်မနေရွေးချယ်ရတော့မည့် အခြေအနေမှာ သူမအတွက် တစ်ခုခုတော့ ရွေးချယ်ရတော့မည်။

"ကျွန်မ ဘယ်လိုပုံစံမျိုးနဲ့ပဲ ရွေးချယ်၊ ရွေးချယ် သူကြီးတို့ လက်ခံမှာလား"

"လက်ခံမှာပါ သမီး"

"တကယ်ဆိုရင် အိမ်ထောင်ပြုဖို့ ရွေးချယ်တယ်ဆိုတာ တကယ်တော့ လွယ်တာမဟုတ်ပါဘူး၊ သူ့ရဲ့မျိုးရိုး၊ ဉာဏ်ရည်၊ အကျင့်စာရိတ္တ၊ စိတ်သဘောထားစသည်တို့အပြင် အချစ်လည်း အရေးပါပါတယ်သူကြီး"

အားလုံးက တိတ်ဆိတ်စွာ နားထောင်နေကြသည်။ သူမက ဆက်ပြောသည်။

"ဒါပေမယ့် အခုဟာက အခြေအနေမတူပါဘူး၊ လိုတိုချုပ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကြောင့် ကျွန်မလက်ထပ်ရမှာပါ၊ ဒီတော့ ကျွန်မရဲ့ လိုအပ်ချက်ကိုလည်း တစ်ခုပြန်ဖြည့်ပေးပါ"

"ရပါတယ်၊ တတ်နိုင်သလောက်လုပ်ပေးပါမယ်"

"ကျွန်မ မဖြစ်မနေပေါင်းသင်းရမယ့် ယောကျ်ားရဲ့ ဉာဏ်ပညာထက်မြက်မှုကိုတော့ ကျွန်မလိုချင်ပါတယ်"

အားလုံးမှာ စိတ်ဝင်တစားနှင့်ဂရုစိုက်နားထောင်နေကြလေသည်။

လူပျိုများမှာ အတက်ကြွဆုံးဖြစ်လေသည်။

"ဒီတော့ ကျွန်မဆီကို အချစ်ကျောက်တုံးတစ်တုံး ယူလာပေးနိုင်မယ့် လူပျိုကို ကျွန်မ လက်ထပ်ပါ့မယ်"

"ဟင်"

"အို"

"အချစ်ကျောက်တုံး"

အာမေဋိတ်အသံများနှင့် အထိတ်တလန့်လည်း ဖြစ်သွားကြလေသည်။

သူကြီးနှင့်အတူ ရွာသူရွာသားအချို့ ဆွေးနွေးနေသည်ကို တွေ့ရသည်။ သူမကတော့ တံခါးနားမှာ ရပ်နေဆဲဖြစ်သည်။



(၂၄)

"အခုလိုရွာအတွက် စဉ်းစားပေးတဲ့အတွက်၊ ဦးတို့ကလည်း သမီးလိုချင်တဲ့ အချက်ကို ဖြစ်အောင်လုပ်ပေးပါမယ်... ဒါပေမယ့်"

"ဟုတ်ကဲ့"

"ဦးတို့ရွာက လူတွေက သမီးပြောတဲ့ အချစ်ကျောက်တုံးကို ရှာနေတဲ့ အချိန်မှာ သမီးက သမီးအတွက် ဆောက်ထားတဲ့ အိမ်မှာ နေရမယ်၊ ရွာထဲက ကြိုက်တဲ့နေရာသွားခွင့်ရှိပါတယ်၊ ရွာအပြင်ကိုတော့ ထွက်ခွင့်မရှိပါဘူး၊ အဲ့ဒါလေးတော့ ပြန်ပြီးသဘောတူညီရပါမယ်"

"ရပါတယ်"

"ကျေးဇူးပါပဲ၊ သမီးရယ်၊ သမီးလိုချင်တဲ့ အချက်ကို ဦးတို့ရွာက လူပျိုတွေက ကြိုးစားပြီး လုပ်ဆောင်ပေးပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



''ဟေး''

ရွာသူရွာသားများ၏ အော်သံဖြစ်သည်။

အားလုံးမှာ ဝမ်းသာအားရဖြစ်သွားသည့် ပုံစံဖြစ်သည်။ အချစ်ကျောက်တုံးသည် ဘာမှန်းမသိပေမယ့် ကောင်မလေးက သူတို့ရွာပြဿနာကို စိတ်ဝင်စားလာသည်ဆို၍ ဘာပဲဖြစ်ဖြစ်လက်ခံလိုက်ကြပုံရသည်။

သူမက သက်ပြင်းကို တိတ်တဆိတ် ချလိုက်မိသည်။

()



ထိုအချိန်မှစ၍ မိန်းမရှာရွာရှိ လူပျိုရွာသားများသည်
အချစ်ကျောက်တုံးဆိုသည့် အရာကို
သူ့ထက်ငါ အလုအယက်ရှာဖွေကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



(၂၅)

"အချစ်ကျောက်တုံးဆိုတော့...အခြောက်ကျစ်ထားတဲ့ အတုံးကိုပြောတာလားမသိဘူး"

မိန်းမရှာရှာ လူပျိုဝိုင်းမှ လူပျိုတစ်ယောက်က ပြောသည်။

"ဟာ...ပေါက်ပေါက်ရှာရှာ၊ ဟုတ်မယ်မထင်ပါဘူး"

"ဒါဆို ဘာကိုပြောတာဖြစ်နိုင်လဲ"

"ရှီးရှီးကျောက်တုံးကို ပြောတာဖြစ်မှာ"

"ဘာဖြစ်လို့လဲ"

"ရှီးမြေကျပေါင်းပဲ့မယ်ဆိုတဲ့ အဓိပ္ပာယ်ကို ပြောချင်လို့လေ"

"အဲ...အဲ့ဒါတော့ နီးစပ်တယ်၊ သူကငါတို့ကို တခြားဟာတွေ အတွေးဝင်သွားမှာ စိုးတဲ့အတွက် လှည့်ကွက်ဆင်ထားတာဖြစ်မှာ"

ဤသို့ဖြင့် အခြားလူပျိုဝိုင်းတွင်လည်း ထိုအကြောင်းကိုပဲ ပြောနေကြလေသည်။

"ကောင်မလေးက လှတယ်ကွ"

"အေး"

www.burmeseclassic.com

www.burmeseclassic.com



"ခက်တာက သူပြောတဲ့ အချစ်ကျောက်တုံးဆိုတာ ဘာမှန်း မသိဘူးဖြစ်နေတယ်"

"သူလည်း ကြောက်ပြီး ပြောမိပြောရာ ပြောလိုက်တာလား မသိဘူးနော်"

"သူ့ပုံက ကြောက်မယ့်ပုံမပေါ်ပါဘူး၊ တည်ငြိမ်နေတာပဲ"

ဤသို့ဖြင့် တစ်ယောက်တစ်ပေါက် ငြင်းခုန်ကြပြန်၏။

"ငါကတော့ ကောင်မလေးကို ဒီအတိုင်းပဲ ယူချင်နေတော့တာပဲ"

"အာ...အတင်းအဓမ္မမယူရဘူးလေ"

"အေးပေါ့၊ အဲ့ဒါကြီးခံနေလို့ ရင်ထဲက ခံစားချက်တွေ သိမ်းထားနေရတာ"

တစ်ရွာလုံးရှိ လူပျိုများသည် ကောင်မလေးကို ယူရန်အတွက် စိတ်အားထက်သန်နေကြသည်။

ကြိုးလည်း ကြိုးစားကြသည်။

တစ်ချို့တွေက (ဆန့်ကျင်ဘက်လိင်နှင့် မတွေ့ရသည်မှာ ကြာသောကြောင့်) စိတ်များထိန်းမရဘဲ အတင်းအဓမ္မယူရန် စိတ်ကူးလာကြသည်။

()



(၂၆)

ထိုအချိန်တွင် ကောင်မလေးမှာလည်း ဒုက္ခရောက်နေလေသည်။ သူမနေထိုင်သော အိမ်၏အပြင်ဘက်တွင် လူနှစ်ယောက်သည် ကုလားထိုင်နှစ်လုံးဖြင့်ထိုင်ကာ စောင့်နေလေ၏။

အိမ်ထဲမှာပဲ စိတ်ရှုတ်ထွေးစွာနဲ့ လမ်းလျှောက်နေမိသည်။ ရွာသားများထဲက အချစ်ကျောက်တုံးရခဲ့သူကို သူမက တကယ်ပဲလက်ထပ်ရတော့မှာလား။

အခုအချိန်တွင် သူမ၏အဖေ၊ အမေနှင့် သူမလက်ထပ်ရမည့် သတို့သားလောင်းတို့ကတော့ သူမပျောက်နေ၍ လိုက်ရှာပေလိမ့်မည်။

ရွာကို သတိမေ့ပြီး ရောက်စဉ်ကပါလာသော အိတ်ကို ခပ်လှမ်းလှမ်းတွင် တွေ့လိုက်ရသည်။

အိတ်က လက်ကိုင်အိတ်သေးသေးလေးဖြစ်သည်။ ဘာမှ

www.burmeseclassic.com

www.burmeseclassic.com



လုပ်စရာမရှိသည့်အဆုံး လက်ကိုင်အိတ်ကိုယူပြီး အထဲမှ ပစ္စည်းများကို မွှေနှောက်ကြည့်နေမိသည်။

လာတုန်းက ဘာပစ္စည်းတွေပါလဲဆိုတာကို စဉ်းစားလို့ မရ…။ လက်ကိုင်အိတ်ထဲမှာက အလှကုန်ပစ္စည်းအချို့နှင့် ငွေအနည်း ငယ်ကို တွေ့ရသည်။

ထို့ပြင် သွားလေရာ စာအုပ်ယူသွားလေ့ရှိတာကြောင့် ဖတ်လက်စ စာအုပ်တစ်အုပ်ကိုလည်း တွေ့ရသည်။

( )



(၂၇)

အိမ်ရှေ့တွင် စောင့်နေသော လူပျိုအစောင့်နှစ်ယောက်ကလည်း အိမ်ထဲသို့ မကြာမကြာလှမ်းကြည့်ကာ တီးတိုးတီးတိုးပြောနေကြ၏။

"ငါ ကောင်မလေးကို အရမ်းချစ်နေပြီ"

ပထမ အစောင့်ကပြောသည်။

ဒုတိယအစောင့်ကလည်း-

"အာ…မင်းတစ်ယောက်တည်း အဲ့ဒီလိုဖြစ်တာမှ မဟုတ်တာ၊ ငါတို့တစ်ရွာလုံးက လူပျိုတွေ ချစ်ကြတာပဲ"

"ဟေ့ကောင်…"

"အင်း…ပြော"

"အခု ငါတို့နှစ်ယောက်တည်းနော်"

"အေးလေ…ဒီအိမ်နားကို ရွာရှိလူပျိုတွေ ကပ်လို့မရဘူးလေ…ငါတို့က မဲနှိုက်ပြီးကျတဲ့အတွက် လာစောင့်ခွင့်ရတာ…အယ်

www.burmeseclassic.com

www.burmeseclassic.com



"ငါကတော့…ကောင်မလေးရေ…အချစ်ကျောက်တုံးဆိုတာ ဘာလဲကွဆိုပြီး မေးချင်နေပြီ"

"ဟေ့ကောင် ငါတို့က အပြင်မှာပဲ စောင့်ခွင့်ရတာ၊ အထဲ ဝင်လို့မရဘူးနော်"

"အပြင်ကနေ လှမ်းမေးမှာပေါ့"

"အာ..မဖြစ်သေးပါဘူးကွာ"

()



(၂၈)

စာအုပ်ဖတ်နေလိုက်ရ၍ နည်းနည်းတော့စိတ်ငြိမ်သလို ရှိသွားသည်။ လတ်တလော ကိစ္စများခဏမေ့သွား၏။

ထိုစဉ်-

"ရှူး"

"အမလေး"

ဘယ်ကထွက်လာမှန်းမသိသည့် အသံကြောင့် ထိတ်လန့်သွားလေသည်။

"ရှူး"

အိမ်၏အနောက်ဘက်မှ အသံထွက်လာခြင်းဖြစ်သည်။

…ကြောင့် အိမ်၏ အနောက်ဘက်သို့ ကပ်သွားပြီး-

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ"

ဟုတိုးတိုးလေး မေးလိုက်သည်။

"ကျွန်တော်ပါ၊ စာပေးတဲ့ လူလေမှတ်မိလား"

နောက်ဘေးတံခါးနားတွင် ရပ်နေခြင်းဖြစ်သည်။

ခြံပတ်ပတ်လည်မှာလည်း ကာရံထား၏။ ပြီးနောက် အိမ်ရှေ့မှာလည်း လူနှစ်ယောက်ရှိနေသည်။ သူဘယ်လိုဖြစ်လို့ နောက်ဖေးတံခါးနားရောက်နေတာလဲ မသိဘူး။

"ရှင် ဘာလုပ်မလို့လဲ"

တံခါးမဖွင့်သေးပဲ အိမ်ထဲမှနေ၍ တိုးတိုးလေးလှမ်းမေးလိုက်ပြန်သည်။

"ကူညီမလို့ပါ"

နည်းနည်းတော့ စိတ်ဝင်စားသွားသည်။ သို့သော် သူတစ်ယောက်တည်း ရှိသည့်အိမ်သို့ ပေးဝင်လို့လည်း မဖြစ်ချေ…။ တော်ကြာ…။

တစ်ဖက်ကလည်း သူ့အတွေးကို ရိပ်မိပုံရသည်။

"ကျွန်တော်ဒုက္ခမပေးပါဘူး၊ ဒီရွာကထွက်သွားလို့ရမယ့် နည်းလမ်းလေးတွေလို့ လာပြောတာပါ"

ဘယ်လိုပဲဖြစ်ဖြစ် ထိုစကားကို စိတ်ဝင်စားသွားပြီး တံခါးကို တိတ်တိတ်လေးဖွင့်ပေးလိုက်သည်။

"ဂျောက်"

()



(၂၉)

ကောင်လေးသည် သူ့မျက်နှာကိုသေချာမကြည့်ပဲ ကြမ်းပြင်ပေါ်တွင် ဝင်ထိုင်လိုက်သည်။

သူမလည်း သူ့ရှေ့တွင် ဝင်ထိုင်လိုက်၏။

ထို့နောက် စာရွက်တစ်ရွက် ထုတ်ကာ-

"သူကြီး မြေကြီးပေါ်မှာ ဆွဲပြတဲ့ မြေပုံကိုမှတ်မိလား"

"အင်း"

သူမခေါင်းညိတ်ပြလိုက်သည်။

"ဒီရွာကနေ၊ ခင်ဗျားသွားချင်တဲ့ မြို့ရောက် ဖို့အတွက် ခရီးကတော့ ဝေးတယ်"

"အင်း"

"ဒီရွာက သွားချင်တယ်ဆိုရင် တစ်ခုခုစီးသွားမှရမှာ…ဒီတော့ ဒီရွာမှာ စီးသွားရမှာကလည်း နွားလှည်းနဲ့သူကြီး စက်ဘီးပဲ

www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်၊ ရွာထဲကထွက်ချင်ရင် နွားလှည်းက အသံနည်းနည်းကျယ်ပြီး ဝန်လည်းကြီးတယ်၊ ဒီတော့ သူကြီးစက်ဘီးကဒီရွာကနေထွက်ဖို့အတွက် အသင့်လျော်ဆုံးပဲ”

ကောင်လေးမှာ တရစပ်ပြောသွားလေသည်။

ဇာယံမှာ ကောင်လေးကို တစ်ချက်ကြည့်လိုက်၏။ သူ့ပုံစံမှာ သူမကိုရွာထဲမှ ထွက်ခွာနိုင်မည့် နည်းလမ်းအတွက် စိတ်အားထက်သန်နေပုံရသည်။

သို့သော်-

“တစ်ခုမေးရဦးမယ်”

“ဟင်…ဘာလဲ”

ကောင်လေးက တစ်ချက်မော့ကြည့်သည်။

ကောင်လေးမျက်နှာကို အခုမှပဲသေချာတွေ့ဖူးသည်။ ယောကျ်ားပီသသော အသွင်အပြင်ရှိသည်။

အလုပ်တစ်ခုကို ပြတ်ပြတ်သားသားလုပ်မည့် ပုံလည်းပေါ်သည်။

“ရှင်က ကျွန်မကို ဘာဖြစ်လို့ကူညီချင်ရတာလဲ”

ဒီရွာမှာ ဘယ်သူ့ကိုမှ ယုံကြည်၍မရသောကြောင့် မေးရခြင်းဖြစ်သည်။

ကောင်လေ· ကဲ်ပြင်းချလိုက်ပြီး-

“အခြားရွာသားတွေနည်းတူ ကျုပ်လည်း ခင်ဗျားကို ချစ်လို့ပေါ့ဗျာ၊ ဒါပေမယ့် အခုလိုအတင်းအဓမ္မကြီး လက်ထပ်ရမယ့် ပုံစံနဲ့



တော့ လက်မထပ်ချင်ပါဘူး၊ ပြီးတော့ ကျွန်တော်တို့ရွာသားတွေနဲ့ ခင်ဗျားလို လှတဲ့မိန်းကလေးနဲ့ မတန်ဘူးထင်တဲ့အတွက် အခုလိုကူညီပေးနေတာပါ။ ကျုပ်ကို ယုံပါ၊ ပြီးတော့ ကျုပ်က နတ်ဆရာရဲ့စကားကိုလည်း မယုံကြည်ဘူးလေ”

ကောင်လေးစကားဆုံးသောအခါတွင် ဇာယံသည် တွေသွားလေသည်။ ဘာပဲဖြစ်ဖြစ် အခုအချိန်တွင် ကူညီမယ့်သူရှိတာကိုပဲ ကျေးဇူးတင်ရမလိုဖြစ်နေသည်။

“ကောင်းပြီလေ၊ ကျွန်မက ဒီရွာထဲက ဘယ်လိုထွက်ရမှာလဲ”

“ကျုပ်တို့ သူကြီးစက်ဘီးကို ခိုးရမယ်”

“သူကြီးစက်ဘီးနဲ့ ရွာထဲကထွက်ရမယ်ပေါ့”

“ဟုတ်တယ်”

“ဒါပေမယ့် ဒီအိမ်ထဲက အရင်ဘယ်လိုထွက်မလဲ”

ဇာယံစကားကြောင့် ကောင်လေးမှာ ဆွံ့အသွားလေ၏။

ထိုကိစ္စကို ကြိုတွေးထားသည့် ပုံမပေါ်ချေ…။

ထိုစဉ် ဇာယံသည် ခုနက ဖတ်လက်စစာအုပ်ကို သတိရသွားပြီး-

“နေဦး”

“အင်း…ဘာ၊ ဘာလုပ်မလို့လဲ”

()

www.burmeseclassic.com

www.burmeseclassic.com



(၃၀)

"ရှတ်...ရှတ်၊ ဟေ့"

ဇာယံ၏လှမ်းခေါ်သံကြောင့် အိမ်ရှေ့တွင် ခုံနှစ်လုံးနှင့် ထိုင်စောင့်နေသော လူနှစ်ယောက်မှာ လှမ်းကြည့်လေ၏။

ဇာယံကို တွေ့လိုက်သောအခါတွင် နှစ်ဦးစလုံးမှာ ဂဏှာမငြိမ်ဖြစ်သွားပြီ-

"ခေါ်...ခေါ်တာလား"

"အင်း"

နှစ်ယောက်လုံးမှာ ချက်ချင်းဆိုသလို သူ့ထက်ငါအလု အယက်ထကြသည်။

"ထိုင်ခုံပါ ယူလာခဲ့ပါလား"

"ဒီထိုင်ခုံလား"



"အင်း"

ထိုင်ခုံကို တက်တက်ကြွကြွနဲ့ မလိုက်ပြီး-

"နေဦး"

"ဘာလဲ"

ပထမအစောင့်က ဒုတိယအစောင့်ကိုပြောသည်။

"သူက ဘာလုပ်ဖို့ ငါတို့ကိုခေါ်တာလဲ"

ထိုအခါမှ နှစ်ယောက်စလုံးမှာ သတိပြန်ရသွားပြီး-

"ဘာလုပ်မလို့လဲ"

ဟုဆိုကာ ဇာယံကို လှမ်းမေးကြလေသည်။

"ပြောစရာရှိလို့"

**ထိုသို့** ပြောလိုက်၍ နှစ်ဦးသားမှာ ထွေထွေထူးထူး မစဉ်းစား**တော့ပဲ** တစ်ယောက်တစ်ခုံစီမကာ အိမ်ပေါ်သို့ တက်လိုက်ကြလေသည်။

ခုံကို တစ်နေရာတွင်ချထားလိုက်ပြီး ဇာယံ၏ ရှေ့ခပ်လှမ်းလှမ်းတွင် ဝင်ထိုင်လိုက်ကြလေသည်။

"ဘာ...ဘာပြောမလို့လဲ"

မိန်းကလေးများနှင့် များများစားစားစကားမပြောဖူးသောကြောင့် လူပျို နှစ်ဦးမှာ စကားပြောစတွင် နည်းနည်းတုန်နေလေသည်။

"ကျွန်မတစ်ခုစဉ်းစားမိလို့"

"အင်း"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့နှစ်ယောက်က လူပျိုတွေလား"

"ဘယ်လို"

"ရှင်တို့နှစ်ယောက်က ဒီရွာရဲ့လူပျိုစာရင်းထဲပါတဲ့ လူပျိုတွေပဲလားလို့မေးတာ"

"အာ…ဟုတ်၊ ဟုတ်ပါတယ်"

သူ့ထက်ငါအလုအယက် ဖြေကြလေသည်။

"ဒါဆို ရှင်တို့နှစ်ဦးရဲ့နာမည်က ဘယ်သူတွေလဲ"

"……."

"……."

အားလုံးမှာ စိတ်လှုပ်ရှားစွာနဲ့ ဖြေကြလေသည်။

ဇာယံက သူကြီးပေးထားသော စာရွက်ကိုဖြန့်ကြည့်ပြီး-

"……"

"ဗျာ"

"……"

"ဟုတ်ကဲ့"

"ဘာလို့လိုက်ထူးနေတာလဲ…နာမည်စာရင်းဟုတ်မဟုတ် စစ်ကြည့်နေတာ"

"ဩော်"

ထိုအချိန်တွင် နှစ်ယောက်စလုံးမှာ ရင်ခုန်နေလေသည်။

"ဒီရွာထဲက လူပျိုတွေထဲမှာ ရှင်တို့နှစ်ယောက်ကိုပဲ စတွေ့ဖူးတာဆိုတော့"



"ဟုတ်…..ဟုတ်ကဲ့"

"ရှင်တို့နှစ်ယောက်ထဲက တစ်ယောက်ယောက်ကိုများ ရွေးရင်ကောင်းမလားလို့ စဉ်းစားနေတာ"

"ဗျာ"

"ဗျာ"

နှစ်ယောက်လုံးမှာ တအံ့တသြနဲ့ ထိုင်ရမလို ထရမလို ဖြစ်သွားကြပြန်သည်။

"ဒါပေမယ့်"

"ပြော…ပြောပါ"

သူတို့နှစ်ယောက်မှာ ဇာယံကိုပဲ မလွှတ်တမ်းကြည့်နေတော့သည်။

"နှစ်ယောက်ထဲက တစ်ယောက်ကိုတော့ မဖြစ်မနေရွေးရမယ်"

"ဟုတ်….ဟုတ်ကဲ့၊ အဲ…အဲ့ဒီတော့"

ဇာယံက သူတို့နှစ်ယောက်ကို တစ်ချက်ကြည့်လိုက်သည်။

ထို့နောက်မတ်တပ်ရပ်လိုက်ပြီးနောက် ခပ်လှမ်းလှမ်းတွင်ချထားသော ထိုင်ခုံနှစ်လုံးအားကြည့်ကာ-

"အဲ့ဒီထိုင်ခုံ တစ်လုံးစီမှာ မတ်မတ်ထိုင်ပြီး၊ ထိုမတ်မတ်အတိုင်းပဲ မတ်တပ်ရပ်နိုင်သူကို ရွေးမယ်"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်"

ဝမ်းသာသည့် မျက်နှာများမှာ ဖော်ပြ၍မရနိုင်လောက်အောင် ဖြစ်နေသည်ကို တွေ့ရသည်။

"လွယ်ပါတယ်"

နှစ်ယောက်စလုံးက ရေရွတ်လိုက်ပြီး သူ့ထက်ငါ အလု အယက်ဆိုသလို ခုံတွင်ထိုင်လိုက်ကြသည်။

မတ်မတ်ထိုင်လိုက်ကြ၏။

"ခါးကွေးပြီး ထလို့မရဘူးနော်"

"ဟုတ်ကဲ့…ဟုတ်ကဲ့"

နှစ်ယောက်စလုံးမှာ ခါးဆန့်သည့်အနေအထား အတိုင်းပင် မတ်တပ်ရပ်ရန် ကြိုးစားကြည့်လိုက်လေသည်။

"အင်း"

"အဲ"

နှစ်ယောက်စလုံး မထနိုင်ပဲဖြစ်နေကြလေတော့သည်။

()



( ထိုင်ခုံထိုင်သည့် အနေအထား နမူနာပုံစံ ဖြစ်ပါသည်။
ပုံပါမျှားအတိုင်း ခါးမကွေးဘဲ မတ်မတ်ထကြည့်ပါ။
မည်သို့မှ ထမရသည်ကို တွေ့ရပါမည် - စာရေးသူ - )

www.burmeseclassic.com

www.burmeseclassic.com





(၃၁)

တစ်ဦးမျက်နှာကို တစ်ဦးကြည့်ကာ မတ်တပ်ရပ်ရန် ကြိုးစားကြလေသည်။ အပြိုင်အဆိုင်ပင်…။

တစ်ဦးက ခါးကုန်းသွားပြီဆိုလျှင်…။

"ဟော့ကောင်…ဟော့ကောင်"

ဟုလှမ်းအော်ကြ၏။

ဤသို့ဖြင့် နှစ်ယောက်လုံးသူ့ထက်ငါ အလုပ်အယက် ထရန်ကြိုးစား ကြလေတော့သည်။

တစ်ဦးကိုတစ်ဦး ဂရုစိုက်နေရသောကြောင့် ဇာယံ အိမ်အပေါ်မှ ဆင်းသွားသည်ကို သတိမထားမိလိုက်ချေ။

www.burmeseclassic.com

www.burmeseclassic.com



(၃၂)

"သူတို့ကို ဘယ်လိုလုပ်ခဲ့တာလဲ"

"မသိချင်စမ်းပါနဲ့၊ လာသွားရအောင်"

ဇာယ်က ကောင်လေးရှေ့မှ ခပ်သုတ်သုတ်နှင့် ထွက်သွားလေသည်။

ကောင်လေးသည်လည်း အိမ်အပေါ်ထပ်ကို တစ်ချက်ကြည့်ပြီး ဇာယ်နှင့်အတူ ခြံထဲမှ ထွက်ခဲ့လေတော့သည်။

ခြံအပြင်ရောက်သောအခါတွင် ဇာယ်က-

"လမ်းမှာ လူတွေနဲ့တွေ့ရင် ဘယ်လိုလုပ်မလဲ"

"ဒီအချိန်က ရွာထဲမှာ တစ်ယောက်မရှိဘူးလေ၊ အားလုံးအိမ်ထဲမှာ ရောက်နေပြီ"



"ဟို...သူကြီးအိမ်က စက်ဘီးယူဖို့ရော လွယ်ပါ့မလား"

"အင်း...အဲ့ဒါတော့ နည်းနည်းခက်မယ်ထင်တယ်"

()

www.burmeseclassic.com

www.burmeseclassic.com



(၃၃)

လသာနေပြီး အချို့နေရာများတွင် အိမ်ခြံဝန်းရှေ့ရှိ မီးတိုင်များကြောင့် ရွာရိုလမ်းများသည် မှိန်မှိန်လေးလင်းနေလေသည်။

ဇာယံသည် ကောင်လေး၏ ခြေလှမ်းများကို မီအောင် ခပ်သွက်သွက်လှမ်းရင်း လျှောက်လာခဲ့သည်။

မကြာမီ အချိန်တွင် အိမ်ကြီးကြီးတစ်အိမ်ကို တွေ့ရ၏။

"ဒါ...သူကြီးအိမ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူကြီးတို့တစ်အိမ်လုံး ဒီအချိန်ဆို အိပ်နေပြီလား" ဇာယံက လှမ်းမေးလိုက်သည်။

"အိပ်နေပြီ၊ ဒါပေမယ့် သူကြီးတပည့်တော့ မအိပ်လောက်သေးဘူး"

"ဒါဆို စက်ဘီးကို ဘယ်လိုယူမလဲ"

"ဘယ်လိုယူရမှန်းတောင်မသိဘူး၊ ပြီးတော့ သူကြီးက သူ့စက်ဘီးဆိုရင် တွန့်တိုတဲ့အတွက် စက်ဘီးကို ဘယ်မှာထားမှန်း တစ္ဆာလုံး မသိဘူး"

"ဟင်…ဒါဆိုဘယ်လိုလုပ်မလဲ၊ သူကြီးကစက်ဘီးကို တစ်ခါမှ မသုံးဘူးလား"

"သုံးတော့သုံးဖူးတယ်၊ သူတစ်ယောက်တည်း အခြားရွာတွေသွားမှ စီးတတ်တာ၊ အထုပ်အပိုးတွေ သယ်စရာရှိမှ အခြားတစ်ယောက် တင်နင်းဖို့အတွက် သင်ပေးထားတာ"

"ဒါဆို ရှင်က သူ့စက်ဘီးဘယ်မှာရှိလဲ မသိဘူးပေါ့"

ကောင်လေးက ခေါင်းခါပြသည်။

ဇာယံမှာ စိတ်ညစ်သွားလေသည်။ ထို့နောက် အိမ်ကို တချက်ကြည့်လိုက်ပြီး-

"အရှေ့က ဂိုဒေါင်လိုလိုဘာလိုလိုထဲမှာ ရှိလားမသိဘူး" ကောင်လေးက သေချာကြည့်သည်။

"ဖွင့်ကြည့်မှပဲ သိမယ်ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် နှစ်ယောက်သား ထိုဂိုဒေါင်သေးသေးလေးအနားသို့ တိုးကပ်သွား လေသည်။

"သူကြီးတော့ တစ်ခါပြောတာကြားဖူးတယ်"

"ဘာလဲ"

"ငါ့တပည့်နဲ့ ငါက ခါးမကောင်းဘူးတဲ့"

"အဲ့ဒါဘာဆိုင်လို့လဲ"

ဇာယံလည်း စိတ်ညစ်ညစ်နဲ့ မျက်စောင်းတစ်ချက် ထိုးပစ်လိုက်သည်။

"ဒီတော့ သူတို့က ခါးမကောင်းတဲ့အတွက် စက်ဘီးကို အိမ်ပေါ်တင်မှာတော့မဟုတ်ဘူးလေ၊ အဲ့ဒါကိုပြောတာ"

ထိုရှေ့သို့ ရောက်သောအခါတွင် တံခါးမှာ ပိတ်ထားသည်ကို တွေ့ရလေ၏။

"သော့ကို ဖျက်မှရမယ်ထင်တယ်"

"သူကြီးနိုးသွားမှာပေါ့"

"အင်း…ဟုတ်တယ်နော်"

ဇာယံသည် သော့ပုံစံကို ကိုင်ကြည့်၏။

သော့မှာ ကြေး၊ သံ၊ သော့မဟုတ်ပဲ သစ်သားကို ပုံစံတစ်မျိုးဖြင့် ပြုလုပ်ထား၏။

သို့သော် ကိုသော့မှာ သော့ပုံစံဖြစ်သော်လည်း တံခါးကို ခတ်ထားခြင်း၊

သို့သေ ..မှာ ပိတ်ထားလေသည်။



"အရင်က ဒီတံခါးကို ဖွင့်တာတွေ့ဖူးလား"

"ဟင့်အင်း"

ပတ်ဝန်းကျင်သို့ ကြည့်လိုက်သောအခါတွင် ခပ်လှမ်းလှမ်းတွင် 'ကံကြမ္မာဆိုင်' ရှေ့ရှိ အုတ်ခုံပုံစံနှင့်တူသည့် လေးထောင့်တစ်ခုကိုတွေ့ရသည်။

ချက်ချင်းဆိုသလို သဘောပေါက်သွားပြီး-

"မီး…မီးမွေးရအောင်"

()

www.burmeseclassic.com

www.burmeseclassic.com




(၃၄)

မီးတောက်ပြီး ခဏအကြာတွင် တံခါးမှာ ဖြည်းဖြည်းချင်းပွင့်သွား၏။

အသံမှာလည်း တိုးတိုးလေးဖြစ်သည်။

မီးဖိုထားသော အလင်းရောင်ကြောင့် အထဲမှစက်ဘီးတစ်စီးကို လှမ်းမြင်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



"စက်ဘီးရပြီ···သူကြီးစက်ဘီးရပြီ"

ကောင်လေးမှာ ဝမ်းသာအားရဖြစ်သွားပြီး စက်ဘီးကို ဝင်ယူလေ၏။

သူကြီးအိမ်မှ စက်ဘီးကို ရွာထိပ်သို့ နှစ်ယောက်သားတွန်းလာခဲ့ကြသည်။ အခြားလူများတွေ့မလားဆိုသည့် စိုးရိမ်မှုဖြင့် ရွာထိပ်သို့ ရင်တထိတ်ထိတ်နှင့် ရောက်လာခဲ့လေသည်။

ရွာထိပ်ရှိ သစ်ပင်ကြီးအောက်တွင် စက်ဘီးရပ်လိုက်၏။

"ရော့"

ကောင်လေးက စက်ဘီးကို ဇာယံရှေ့တွင် ရပ်ပေးလိုက်သည်။

"ဘာဖြစ်လို့လဲ".

"ဒီစက်ဘီးစီးပြီး ရွာထဲကသွားတော့လေ၊ ကျုပ်ပေးလိုက်တဲ့ မြေပုံလမ်းအတိုင်း နင်းသွားရင် သွားချင်တဲ့မြို့ကို ရောက်လိမ့်မယ်"

"ရှင်···ရှင်မလိုက်ဘူးလား"

"ကျွန်တော်လိုက်လို့မရပါဘူး၊ ကျုပ်ကဒီအထိပဲ ကူညီဖို့ ဆုံးဖြတ်ထားတာ၊ ကျုပ်လိုက်ရင် တစ်ရွာလုံးက ကျုပ်ကို ဒုက္ခပေးမှာပေါ့"

ဇာယံမှာ ကောင်လေးကိုကြည့်ပြီး စကားတစ်ခွန်းဆိုလေသည်။

"ကျွန်···ကျွန်မ ဒီစက်ဘီးကြီးမစီးတတ်ဘူး"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



(၃၅)

ကောင်းကင်တွင် အလင်းရောင်တစ်ချို့ ထွက်ပေါ်လာ၏။ ထိုအချိန်တွင် စက်ဘီးတစ်စီးသည် လမ်းမကြီးတစ်ခု၌ ဖြတ်သန်းသွားနေ၏။

စက်ဘီးနင်းနေသော ကောင်လေးသည် (ချွေးသံတရွှဲရွှဲနှင့်)စက်ဘီးကိုနင်းနေ၏။

စက်ဘီးပေါ်တွင် ကောင်မလေးတစ်ယောက်လည်း ပါလာသေးသည်။ပြီးနောက် မြေပုံဟုယူဆရသော စာရွက်တစ်ရွက်ကို တစ်ချက်တစ်ချက် ထုတ်ကြည့်လေ၏။

"ဒီတစ်ရွာပြီးရင်ရောက်တော့မယ်"



အချိန်မှာမွန်းတည့်ခါနီးပြီဖြစ်သည်။

တစ်ညလုံးနင်းလိုက်၊ နားလိုက်လုပ်နေသောကောင်လေးမှာလည်း တော်တော်လေးမောနေပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟိုရှေ့ကမြို့ ထင်တယ်"

"သေ···သေချာလို့လား"

ကောင်လေးက မောနေသည့်လေသံဖြင့် ပြန်မေးသည်။

"သေချာတယ်"



(၃၆)

မြို့အဝင်ဝတွင် စက်ဘီးကို ရပ်လိုက်သည်။

"မောလို့လား"

ဇာယံက စက်ဘီးပေါ်မှ ဆင်းရင်းပျာပျာသလဲမေးရှာသည်။

"မဟုတ်ဘူး···ကျွန်တော်ရွာထဲမလိုက်တော့ဘူး"

"အို···မဟုတ်တာပဲ၊ ရွာထဲမှာ နားပါဦး"

ကောင်လေးကခေါင်းခါပြသည်။

"မလိုက်ချင်ပါဘူးဗျာ၊ ကျုပ်တို့တစ်ရွာလုံးက ချစ်တဲ့ ကောင်မလေးကို ၊သူပြန်ချင်တဲ့နေရာ ပြန်ပို့ပေးပြီးပြီပဲ"

ဟုဆိုကာ စက်ဘီးကိုပြန်လှည့်လိုက်၏။

ဇာယံက အမျိုးမျိုးတားသော်လည်းမရချေ···။

www.burmeseclassic.com

www.burmeseclassic.com



"မသွားခင် ကျွန်တော့်နာမည်လေး မိတ်ဆက်ပါရစေ။ ကျွန်တော့် နာမည်က ပိုမြှင်လို့ခေါ်ပါတယ်။ နောင်နှစ်အနည်းငယ်ကြာရင် ကျုပ်တို့ရွာက ရှိချင်မှရှိတော့မှာပါ၊ ကြုံရင်တော့ လာလည် ပါဦး၊ အဲ့ဒီကျရင်လည်း ဘယ်သူ့မှ ဒုက္ခမပေးပါတော့ဘူး၊ တစ်ရွာလုံးလဲ လူနည်းနည်းပဲကျန်တော့မှာပါ၊ ကျုပ်ကတော့ သေတဲ့အထိ ရွာလေးမှာပဲ နေမယ်လို့ ဆုံးဖြတ်ထားတယ်"

ဓာယံသည် စိတ်မကောင်းဖြစ်သွားလေ၏။

ကောင်လေးသည် စက်ဘီးပေါ်ပြန်တက်လိုက်သည်။ ထိုစဉ်ကောင်လေးက-

"သြော်…ဒါနဲ့"

"အင်း…"

"ကျုပ်တို့ရဲ့ 'ဆန့်ကျင်ဘက်လိင်' ဆိုင်မှာ ကက်စက်တလုံး ရှိတာသိတယ်မှတ်လား"

"သိတယ်လေ"

"အဲ့ဒီကက်စက်ကို ကျွန်တော်က ပျက်ရင်အခြားရွာတွေမှာ သွားပြင်ရတယ်၊ အဲ့ဒီအထဲမှာ ဒီဟာလေးတစ်ခုပါတယ်"

ဟုဆိုပြီး အရာလေးတစ်ခု ထုတ်ပေးလေ၏။

သံလိုက်တုံးတစ်ခုဖြစ်သည်။

"ဒါက ခင်ဗျားပြောတဲ့အချစ်ကျောက်တုံးလို့ ထင်တဲ့အတွက် ပေးတာပါ၊ ဘာမျှော်လင့်ချက်မှမရှိပါဘူး"



ဟုဆိုပြီး စက်ဘီးကို တရကြမ်းနင်းထွက်သွားလေ၏။

ဓာယံမှာ ဘာမှမပြောနိုင်ပဲ ကြောင်ပြီးကျန်ရစ်ခဲ့လေသည်။ ကောင်လေး၏ မျက်ဝန်းမှ မျက်ရည်များကို တွေ့လိုက်ရ၍ ပိုပြီးလည်း အံ့သြသွားလေသည်။

စက်ဘီးနင်းထွက်သွားသော ကောင်လေးကိုကြည့်ပြီး အချစ်ကျောက်တုံး…ဟုခေါ်သည့် သံလိုက်တုံးကိုလည်း လက်ထဲတွင် ကိုင်ကာ ငိုင်နေမိသည်။

( အချို့နိုင်ငံများတွင် သံလိုက်တုံးအား ကဗျာဆန်သောအမည် Loving Stone ဟု ခေါ်ဝေါ်တတ်ကြပါသည်။ ဆွဲငင်တတ်သောကြောင့် ဖြစ်ဟန်တူပါသည်။)

()

www.burmeseclassic.com

www.burmeseclassic.com



## (၃၇)

အိမ်ရောက်သောအခါ အဖေနှင့်အမေတို့၏ စိုးရိမ်သည့်စကား ပြောသံများ၊ မိဘများ သဘောတူထားသည့် သတို့သား၏ စကားသံများကို ကြားတစ်ချက်မကြားတစ်ချက် ဖြစ်နေလေသည်။

ရွာလေးတစ်ရွာ…။

ယောကျ်ားတွေပဲအများဆုံးရှိသည့်ရွာ…။

နောင်နှစ်အနည်းငယ်မှာ ပျက်စီးသွားလိမ့်မည်ဟု ယူဆရသော ရွာ…။ အိမ်ပြန်ရောက်သော်လည်း စိတ်ထဲတွင် မပျော်ရွှင်နိုင်ပဲ ဖြစ်နေလေသည်။

ပို့မြှင်ပေးသွားသော အချစ်ကျောက်တုံးကိုလည်း လက်ထဲတွင် ကိုင်ထားနေမိ၏။



အတွေးထဲတွင်လည်း ရွာရှိပုံရိပ်များကိုပဲ မြင်ယောင်နေမိလေသည်။တောင်းပန်သည့်စကားသံများ…။

မျှော်လင့်သည့် မျက်ဝန်းများကို မြင်ယောင်နေမိသည်။ အိမ်ပြန်ရောက်ပြီး နှစ်ရက်ကြာသည်အထိ ထိုအတွေးများက သူ့ကိုစိုးမိုး နေလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## နောက်ဆုံးတွင်...

www.burmeseclassic.com

www.burmeseclassic.com



(၃၈)

"သူကြီး…သူကြီး"

ရွာသားတစ်ယောက်အော်ဟစ်ပြီး ပြေးလာနေသည်ကို မိန်းမရှာရှာရှိ ဖျော်ရည်ဆိုင်တွင်ထိုင်နေကြသောသူကြီးအပါအဝင် ရွာသားအားလုံးကတွေ့ရလေ သည်။

ပြေးလာသောသူမှာ ရွာ၏ လူပျိုတစ်ယောက်ဖြစ်သည့် ဖိုးစံ ပင်ဖြစ်သည်။

"ဖိုးစံ…ဘာဖြစ်လာတာလဲ"

"သူကြီး…ရွာအဝင်မှာ…ကောင်…ကောင်မလေးတစ်…တစ်ယောက် လဲနေတာတွေ့လို့"

"ငါတို့ရွာကလား"

"မ…မဟုတ်ဘူး"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဘယ်သူလဲ"

"ဓာ...ယံ"

"ဟင်"

အားလုံးမှာ ဖျော်ရည်ဆိုင်ထဲမှ ထွက်ပြီး ရွာထိပ်သို့ အလုအယက်ပြေး ကြည့်ကြလေသည်။

()



(၄၉)

အိမ်အတွင်းမှ ကလေးငိုသံကြောင့် အိမ်အပြင်တွင် စိတ်လှုပ်ရှားစွာစောင့်နေကြသော ယောကျာ်းအချို့မှာ လှုပ်လှုပ်ရှားဖြစ်သွားကြသည်။

"မွေးပြီထင်တယ်"

တစ်ဦးတစ်ယောက်က ဂဏှာမငြိမ်စွာဖြင့် ထပြောသည်။

အားလုံးက အိမ်အတွင်းသို့သာ ကြည့်နေကြ၏။

"ဘာလေးမွေးလဲ မသိဘူး"

ထိုသို့ တစ်ယောက်တစ်ပေါက် ပြောနေကြစဉ် အိမ်အတွင်းမှ အဒေါ်ကြီးတစ်ယောက်ပြေးထွက်လာ၏။

"ဘာ...ဘာလေးမွေးလဲဟင်"

ဟု အားလုံးကမေးလိုက်လေသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အဒေါ်ကြီးကလည်း အားလုံးကို တစ်ချက်ကြည့်ကာ

"မိန်းကလေး"

ဟု တိုးတိုးလေးရေရွတ်သည်။

အားလုံးမှာ ပျော်သွားကြပြီး-

"ပိုမြိုင်...မင်းက ဒီရွာမှာ မိန်းကလေးစမွေးတဲ့ ဖခင်ဖြစ်သွားပြီ

ကွ"

ဟု အော်ဟစ်လိုက်ကြလေတော့သည်။

( )



(၄၀)

ထိုမိန်းကလေးမွေးသောအချိန်တွင် ပျော်ရည်ဆိုင်တွင်ထိုင်နေကြသည့် သူကြီးနှင့် လူဇာစ်စုတို့သည် နတ်ဆရာပေးလိုက်သော ဖွင့်ဖတ်ပြီးသား နံပါတ် (၃)စာအားမီးရှို့ဖျက်ဆီးလိုက်ကြလေ တော့သည်။

လေးစားစွာဖြင့် -

လူနေ

www.burmeseclassic.com